# လိုင်စင်ထုတ်ပေးရေးဆိုင်ရာ နည်းဥပဒေ

## အခန်း (၁)

## နိဒါန်း

၁။ **အမည်ခေါ်တွင်ခြင်း**

ဤနည်းဥပဒေကို **'၂၀၁၃ခုနှစ် ၊ လိုင်စင်ထုတ်ပေးရေးဆိုင်ရာ နည်းဥပဒေ'** ဟု ခေါ်တွင်စေရမည်။

၂။ **ရည်ရွယ်ချက်များ**

ဤလိုင်စင်ထုတ်ပေးရေးဆိုင်ရာ နည်းဥပဒေ ၏ ရည်ရွယ်ချက်များမှာ အောက်ပါ အတိုင်း ဖြစ်သည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ဆက်သွယ်ရေးဈေးကွက်၏ ပြိုင်ဆိုင်မှု နှင့် ဖြေလျော့ပေးမှုကို မြှင့်တင်ပေးရန်၊

(ခ) လိုင်စင်လျှောက်ထားမှု၊ ထုတ်ပေးမှုနှင့် စီမံခန့်ခွဲမှုများတွင် ပွင့်လင်းမြင်သာမှုရှိစေရန်၊

(ဂ) လိုင်စင်ထုတ်ပေးမှုတွင် ဖြစ်နိုင်သမျှ နည်းပညာ နှင့် ဝန်ဆောင်မှုပိုင်းဆိုင်ရာ ကန့်သတ်မှု မရှိသည့်နည်းလမ်း ကိုကျင့်သုံးနိုင်ရန် ၊

(ဃ) အမျိုးအစားနှင့် အဆင့်အတန်းတူညီသော လိုင်စင်ရသူများကို တပြေးညီ ဆက်ဆံမှုပြုနိုင်ရန်၊

၃။ **နယ်ပယ်**

ဤ နည်းဥပဒေ သည် အောက်ပါတို့ကို သတ်မှတ်ပေးသည်–

(က) ဆက်သွယ်ရေးကွန်ရက်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို လိုင်စင်ပြုလုပ်ခြင်း ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊

(ခ) ဆက်သွယ်ရေးကွန်ရက်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများနှင့်အညီ ခွင့်ပြုသည့် လုပ်ငန်းများ၊ ရပိုင်ခွင့်နှင့်တာဝန်များ၊

(ဂ) ဆက်သွယ်ရေးကွန်ရက်များနှင့်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူများအား ရှားပါးသော အရင်းအမြစ်များအားခွင့်ပြုပေးခြင်းဆိုင်ရာ ပုံစံများ၊

(ဃ) ဆက်သွယ်ရေးကွန်ရက်များနှင့် ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူများအပေါ် စောင့်ကြည့် ကြီးကြပ်ခြင်းနှင့် အရေးယူ ဆောင်ရွက်ခြင်းဆိုင်ရာ နည်းလမ်းများ၊

(င) လက်ရှိလိုင်စင်ပြုလုပ်ခြင်းစနစ်မှ ဤလိုင်စင်ဆိုင်ရာ နည်းဥပဒေ အရသတ်မှတ်ပေးသော မူဘောင်သို့ အသွင်ကူးပြောင်းရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ၊

၄။ **သက်ဆိုင်ခြင်း**

ဤနည်းဥပဒေသည် ဦးစီးဌာနထံမှလိုင်စင်ရယူရန်လိုအပ်သော ပုဂ္ဂိုလ်၊ဌာန၊ အဖွဲ့အစည်းများနှင့်သက်ဆိုင်သည်။ ယင်းတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းဆက်သွယ်ရေးကွန်ရက်များနှင့်ဆက်သွယ်ရေးပစ္စည်းများအား လုပ်ကိုင်ဆောင်ရွက်ခြင်း နှင့် ဆက်သွယ်ရေးဝန်ဆောင်မှုများ အား ဖြည့်ဆည်းပေးခြင်းများ အတွက် ပါဝင်သည်။

၅။ **အဓိပ္ပါယ်ဖော်ပြချက်**

ဤနည်းဥပဒေတွင် ပါရှိသော စကားရပ်များသည် ဆက်သွယ်ရေး ဥပဒေတွင်ပါရှိသည့်အတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်-

(က) **'အကျုံးဝင်သော စည်းမျဉ်းစည်းကမ်းများ'** ဆိုသည်မှာ ဝန်ကြီးဌာန သို့မဟုတ် တရားဝင်အဖွဲ့အစည်းက ထုတ်ပြန်ထားသောစည်းမျဉ်းများ၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်း များ၊ လမ်းညွှန်ချက်များ၊ အမိန့်များ၊ ကျင့်ဝတ်များ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များကို ဆိုသည်။

(ခ) **'လျှောက်ထားခြင်း'** ဆိုသည်မှာ ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်၊ ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် သို့မဟုတ် ဆက်သွယ်ရေးပစ္စည်းဆိုင်ရာ လိုင်စင်ရယူရန် လိုင်စင်ပုံစံနှင့် လိုင်စင်လျှောက်ထားသည့် နည်းလမ်းတို့ကို ဆိုသည်။

(ဂ) **'အသုံးချဝန်ဆောင်မှုလုပ်ငန်း'** ဆိုသည်မှာ ကွန်ရက်တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ကွန်ရက်များကိုအသုံးပြု၍ ဝန်ဆောင်မှုပေးသော လုပ်ငန်း တစ်ရပ်ရပ်ကိုဆိုသည်။ ယင်းတွင်အသုံးပြုသူဘက်ရှိ ကွန်ရက်နယ်နိမိတ် သက်သက်ကိုသာ ဆောင်ရွက်ပေးသည့် လုပ်ငန်းမပါဝင်။

(ဃ) **'ရက်များ'** ဆိုသည်မှာ ပြက္ခဒိန်ရက်များကို ဆိုလိုသည်။

(င) **'ဦးစီးဌာန'** ဆိုသည်မှာ ဝန်ကြီးဌာနလက်အောက်ရှိ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(စ) **'ဈေးကွက်အားလွှမ်းမိုးနိုင်သော အခြေအနေ'** ဆိုသည်မှာ လုပ်ငန်းတစ်ခု သည် မိမိတစ်ဦးတည်းမှဖြစ်စေ၊အခြားသူများနှင့်ပူးပေါင်း၍ဖြစ်စေ၊ ယှဉ်ပြိုင်သူများ၊ သုံးစွဲသူများအပေါ် သိသာသောအတိုင်းအတာတစ်ခုအထိ မှီခိုခြင်း မရှိဘဲ လွတ်လပ်စွာ ပြုမူ ဆောင်ရွက်ခြင်းကို ခွင့်ပြုပေးနိုင်သည့် စီးပွားရေး အင်အားကိုရရှိထားသည့်အခြေအနေတစ်ရပ်ကို ဆိုသည်။

(ဆ) **'နောက်ဆုံးသုံးစွဲသူ'** ဆိုသည်မှာ လိုင်စင်ရရှိသူတစ်ဦးက ဖြည့်ဆည်းပေးသော ဆက်သွယ် ရေးဝန်ဆောင်မှုလုပ်ငန်းကို ရယူသုံးစွဲသည့် အခြားလိုင်စင်ရရှိသူ မဟုတ်သော လုပ်ငန်းတစ်ခု သို့မဟုတ် လူပုဂ္ဂိုလ် တစ်ဦးကို ဆိုသည်။

(ဇ) **'ပြည်ပမှပုဂ္ဂိုလ်'** ဆိုသည်မှာပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နိုင်ငံသား မဟုတ်သူကို ဆိုသည်။ ဤစကားရပ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု သက်သက်ဖြင့် တည်ထောင်ထားသော စီးပွားရေးအဖွဲ့အစည်းလည်း ပါဝင်သည်။

(ဈ) **'သတင်းအချက်အလက်'** ဆိုသည်မှာ အချက်အလက်၊ မူရင်းစာ၊ ပုံရိပ် သဏ္ဍာန်၊ အသံ၊ သင်္ကေတ(Code)၊ လက္ခဏာသင်္ကေတ(Sign)၊ အချက်ပြ သင်္ကေတ (Signal) နှင့် အချက်အလက်အစုအဝေး တစ်ရပ်ရပ်တို့အပြင် ယင်းတို့ တစ်ခု ထက်ပို၍ ပေါင်းစည်းထားသောအရာများနှင့် အလားတူကိစ္စရပ်များကို ဆိုသည်။

(ည) **'အင်တာနက်အကြောင်းအရာအသုံးချမှု'** ဆိုသည်မှာ နောက်ဆုံးရယူသုံးစွဲသူအား အင်တာနက်ချိတ်ဆက်မှုမှတစ်ဆင့် သတင်းအချက်အလက်များကို ကြည့်ရှုရန်၊ ပေးပို့ရန် သို့မဟုတ် မျှဝေသုံးစွဲရန်ခွင့်ပြုသောအသုံးချမှုကို သော်လည်းကောင်း၊ ကွန်ရက်တစ်ခုပေါ်တွင် လုပ်ငန်းတစ်ခု သို့မဟုတ် လုပ်ငန်းများကို ဆောင်ရွက်ရန် အင်တာနက် ဘရောက်ဇာ (Internet Browser) ကို အသုံးပြုသော အသုံးချမှု ကို သော်လည်းကောင်းဆိုသည်။

(ဋ) **'အပြည်ပြည်ဆိုင်ရာပင်မဝင်ပေါက်ထွက်ပေါက်လုပ်ငန်း'** ဆိုသည်မှာ ဆက်သွယ် ရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရန် ခွင့်ပြုထားသော ကွန်ရက်အထောက် အကူပြုဝန်ဆောင်မှုဖြင့် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ခေါ်ဆိုမှုများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ နှင့် ပြည်ပတိုင်းပြည် တစ်နိုင်ငံ သို့မဟုတ် တစ်နိုင်ငံထက်ပိုသောနိုင်ငံများအကြား ဆက်သွယ်မှုများရရှိရန် ဆောင်ရွက်ခြင်း ကို ဆိုသည်။

(ဌ) **'လိုင်စင်'** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးဦး၊ ဌာန သို့မဟုတ် အဖွဲ့အစည်း တစ်ခုခုအား ဤဥပဒေအရ ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်နှင့် ဆက်သွယ်ရေး ပစ္စည်း ဆိုင်ရာ လိုင်စင်ကိုဆိုသည်။

(ဍ) **'လုပ်ငန်းလိုင်စင်အမျိုးအစား'** ဆိုသည်မှာ ကွန်ရက် အထောက်အကူပြု ဝန်ဆောင် မှုလုပ်ငန်းလိုင်စင် (Individual) ၊ ကွန်ရက် အထောက်အကူပြု ဝန်ဆောင် မှုလုပ်ငန်းလိုင်စင်(Class)၊ ကွန်ရက် ဝန်ဆောင်မှု လုပ်ငန်းလိုင်စင် နှင့် အသုံးချဝန်ဆောင်မှုလုပ်ငန်း လိုင်စင် အမျိုးအစားကို ဆိုသည်။

(ဃ) **'လိုင်စင်ရရှိသူ'** ဆိုသည်မှာ ဦးစီးဌာနက ထုတ်ပေးသော ဆက်သွယ်ရေး ဝန်ဆောင်မှု လုပ်ငန်းလိုင်စင် နှင့် / သို့မဟုတ် ဆက်သွယ်ရေး ပစ္စည်းဆိုင်ရာ လိုင်စင် ကိုင်ဆောင်သူ ကို ဆိုသည်။

(ဏ) **'လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာမူဘောင်'** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်အတွင်းရှိ ဆက်သွယ်ရေးကွန်ရက်များနှင့် ဆက်သွယ်ရေး ဝန်ဆောင်မှု လုပ်ငန်းများအတွက် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ အခြေခံ ဖွဲ့စည်းမှုပုံစံ နှင့် အခြေခံ စည်းမျဉ်းများကို ဆိုသည်။

(တ) **'ဝန်ကြီးဌာန'** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဆက်သွယ်ရေးနှင့် သတင်း အချက်အလက်နည်းပညာဝန်ကြီးဌာနကို ဆိုသည်။

(ထ) **'ကွန်ရက်အထောက်အကူပြုပစ္စည်း'** ဆိုသည်မှာ ကွန်ရက်ဝန်ဆောင်မှု လုပ်ငန်း များ ဆောင်ရွက်ရာတွင် အသုံးပြုသည့် ရုပ်ပိုင်းဆိုင်ရာ အခြေခံ အဆောက် အအုံ၏ပစ္စည်း တစ်ခုခုကိုသော်လည်းကောင်း၊ ယင်းပစ္စည်းများ ပေါင်းစပ် ထား ရှိမှုကိုသော်လည်းကောင်း ဆိုသည်။

(ဒ) **'ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်း'** ဆိုသည်မှာ ကွန်ရက် အထောက်အကူပြုပစ္စည်းတစ်ခုခုကိုလက်ဝယ်ထားရှိပြီး ယင်းကွန်ရက် အထောက် အကူပြုပစ္စည်းကို ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ရရှိထားသူအား ငှားရမ်းခြင်း သို့မဟုတ် အဆိုပါကွန်ရက်အထောက် အကူပြုပစ္စည်း အပေါ် တွင်မိမိကိုယ်တိုင် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းကို ဆိုသည်။

(ဓ) **'ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း'** ဆိုသည်မှာ သတင်းအချက်အလက်ကို အပြန် အလှန် ပေးပို့ရေးအတွက်ဆက်သွယ်ရေးနည်းလမ်း တစ်ရပ်ရပ်ဖြင့် ဝန်ဆောင်မှု ပေးသည့်လုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင်အသုံးပြုသူဘက်ရှိ ကွန်ရက် နယ် နိမိတ် သက်သက်ကိုသာ ဆောင်ရွက်ပေးသည့် လုပ်ငန်းမပါဝင်။

(န) **'အခြားလိုင်စင်ရရှိသူ'** ဆိုသည်မှာ ဦးစီးဌာနက ထုတ်ပေးသော လုပ်ငန်းလိုင်စင် နှင့် သို့မဟုတ် ဆက်သွယ်ရေး ပစ္စည်းဆိုင်ရာ လိုင်စင် ရရှိထားသော အခြား လူပုဂ္ဂိုလ်တစ်ဦးဦး ကို ဆိုသည်။

(ပ) **'ပုဂ္ဂိုလ်'** ဆိုသည်မှာ ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်း ကို ဆိုသည်။

(ဖ) **'မှတ်ပုံတင်ခြင်း'** ဆိုသည်မှာ အသုံးချဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် ကွန်ရက် အထောက်အကူပြုပစ္စည်းလိုင်စင်ရရှိရေးအတွက် အသုံးပြုသော လုပ်ငန်းစဉ်ကို ဆိုသည်။

(ဗ) **'သက်ဆိုင်သော အခွန်ဝင်ငွေ'** ဆိုသည်မှာ အောက်ပါတို့၏ စုစုပေါင်း ရငွေကိုဆိုသည်-

(၁) ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများ လုပ်ကိုင်ခွင့် ရရှိထားသော လိုင်စင် ရရှိထားသူများသည် သုံးစွဲသူများထံမှ ရရှိသော ဝင်ငွေ နှင့် အခြားလိုင်စင်ရရှိထားသူများသို့ အပြန်အလှန် ချိတ်ဆက်မှုများ၊ အသုံးပြုမှုများ၊ လက်ကားရောင်းချမှုများအပေါ် ပေးဆောင်ရမှုများမှ ထုတ်နှုတ်၍ ကျန်သော အခွန်ငွေ

(၂) လိုင်စင်ရရှိထားသူများမှ သုံးစွဲသူများထံသို့ ဆက်သွယ်ရေးပစ္စည်းများ ရောင်းချထားမှု နှင့်/ သို့မဟုတ် ငှားရမ်းထားမှုများမှ ရရှိသည့် အခွန်ငွေ

(ဘ) **'ဆက်သွယ်ရေး'** ဆိုသည်မှာ သတင်း အချက်အလက် တစ်ရပ်ရပ်ကို ဝါယာကြိုး၊ ဖိုင်ဘာကြိုး သို့မဟုတ် အခြားသော လျှပ်ကူးကြိုး တစ်ခုခုကို အသုံးပြု၍ သော်လည်းကောင်း၊ ရေဒီယိုလှိုင်း၊ အလင်းတန်း၊ အခြားသော လျှပ်စစ် သံလိုက်ဓာတ်ထုတ်လွှတ်သည့်နည်းလမ်းတစ်ရပ်ရပ်ကိုအသုံးပြု၍သော်လည်းကောင်း မူရင်းအတိုင်းဖြစ်စေ၊ ပြုပြင်၍ဖြစ်စေထုတ်လွှင့်ခြင်း သို့မဟုတ် ဖမ်းယူခြင်းကိုဆိုသည်။

(မ) **'ဆက်သွယ်ရေးပစ္စည်း'** ဆိုသည်မှာ ဤဥပဒေအား အထောက်အကူပြုရန် အလို့ငှာ ဝန်ကြီးဌာနက သီးခြားသတ်မှတ်သော ဆက်သွယ်ရေးပစ္စည်းကိုဆိုသည်။

(ယ) **'ဆက်သွယ်ရေးဥပဒေ'** ဆိုသည်မှာ ပြည်ထောင်စုလွှတ်တော်က အတည်ပြု၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော် သမ္မတက လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သော ၂၀၁၃ ခုနှစ် ဆက်သွယ်ရေးဥပဒေကို ဆိုသည်။

(ရ) **'ဆက်သွယ်ရေးကွန်ရက်'** ဆိုသည်မှာ ဆက်သွယ်ရေးနည်းပညာတစ်ခုခုကို အသုံးပြုပြီး ကွန်ရက်အထောက်အကူပြုပစ္စည်း၊ ဆက်သွယ်ရေးပစ္စည်း၊ ကွန်ပျူတာ၊ ကွန်ပျူတာကဲ့သို့သော အလားတူပစ္စည်း၊ ယင်းတို့နှင့်တွဲဖက် အသုံးပြုနိုင်သည့်စနစ်နှင့်ပစ္စည်းကို ကြိုးဖြင့်ဖြစ်စေ၊ ကြိုးမဲ့ဖြစ်စေ အချင်း ချင်း ချိတ်ဆက် အသုံးပြုသောစနစ်ကို ဆိုသည်။

(လ) **'ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း'** ဆိုသည်မှာ ကွန်ရက်အထောက် အကူပြု ဝန်ဆောင်မှုလုပ်ငန်း၊ ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းနှင့် အသုံးချဝန်ဆောင်မှု လုပ်ငန်းများအနက်လုပ်ငန်းတစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေလုပ်ကိုင် ဆောင်ရွက်ခြင်းကို ဆိုသည်။

# အခန်း(၂)

## ဆက်သွယ်ရေးလိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ မူဘောင်များ

## ဆက်သွယ်ရေးကွန်ရက်များနှင့်ဝန်ဆောင်မှုလုပ်ငန်းများ

၆။ **အထွေထွေလိုင်စင်ထုတ်ပေးရေးမူဘောင်**

ဆက်သွယ်ရေးဥပဒေ အခန်း(၃) နှင့် ဤ နည်းဥပဒေ အခန်း(၁၀) နှင့် (၁၁) တို့အရ ရိုးစင်းသော လိုင်စင်ဆိုင်ရာ လုပ်ငန်းစဉ်ဖြင့် ဝန်ဆောင်မှုလုပ်ငန်း အမျိုးစုံ၏ လိုင်စင်ဆိုင်ရာ မူဘောင်ကို ဖေါ်ဆောင်ထားပြီး ဝန်ဆောင်မှုလုပ်ငန်း အသစ် နှင့် တိုးချဲ့ဆောင်ရွက်လိုခြင်း ကို အားပေးခြင်းနှင့် သုံးစွဲသူများမှ ဆက်သွယ်ရေးကွန်ရက်နှင့် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများကို ပိုမိုတိုးတက် အသုံးပြုမှုရစေရန် ဖြစ်ပါသည်။

(က) အောက်ပါ ပုဒ်မ(၇) အရ ပုဂ္ဂိုလ်တစ်ဦးသည် ယေဘူယ အားဖြင့် လိုင်စင် အမျိုးအစား တစ်ခု တည်းအတွက်သာ လျှောက်ထားရမည်။ လျှောက်လွှာပုံစံ သို့မဟုတ် မှတ်ပုံတင်ပုံစံ တစ်ခုအတွက်လျှောက်ထားသူသည် လိုင်စင် အမျိုးအစားအောက်တွင်ခွင့်ပြုထားသောလုပ်ကိုင်ဆောင်ရွက်မှုနယ်ပယ်အတွင်းမှ မိမိ အမှန်တကယ် ဆောင်ရွက်လိုသည့် ဆက်သွယ်ရေးကွန်ရက်များနှင့် သို့မဟုတ် ဆက်သွယ်ရေး ဝန်ဆောင်မှုများကို လျှောက်ထားရမည်။

(ခ) လိုင်စင်လျှောက်ထားခြင်း သို့မဟုတ် မှတ်ပုံတင်ခြင်း များအား ဦးစီးဌာနမှ ခွင့်ပြုပြီးနောက် လိုင်စင်ရရှိသူသည် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ အသစ် သို့မဟုတ် ထပ်မံတိုးချဲ့လိုသည့်အခါ−

(၁) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (Individual) ရရှိသူ သို့မဟုတ် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ရရှိသူများသည် သုံးစွဲသူ သို့မဟုတ် အခြားလိုင်စင်ရရှိသူတစ်ဦးသို့ ဝန်ဆောင်မှုလုပ်ငန်း ထပ်မံတိုးချဲ့မပေးမီ ဦးစီးဌာန၏ စာဖြင့် ခွင့်ပြုချက်အား ရယူရမည်၊

(၂) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (Class) ရရှိသူ သို့မဟုတ် အသုံးချဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ရရှိသူများသည် ဝန်ဆောင်မှု လုပ်ငန်း ထပ်မံတိုးချဲ့ဆောင်ရွက် နိုင်ရန် ဦးစီးဌာန သို့ စာဖြင့် ကြိုတင် အကြောင်းကြားရမည်။

(ဂ) ဦးစီးဌာနသည် ပုဒ်မ (၆) (ခ) အရ လျှောက်ထားမှုအား ခွင့်ပြုသည့်အခါ လိုင်စင်ရရှိသူအား ထုတ်ပေးထားသည့် လိုင်စင်တွင် အသစ် သို့မဟုတ် တိုးချဲ့ လုပ်ကိုင် ခွင့်ပေးထားသည့် လုပ်ငန်းများ ပါဝင်စေရန် ပြင်ဆင်ဆောင်ရွက်ရမည်။

၇။ **လုပ်ငန်းအဆင့်ဆင့်အခြေခံစနစ်**

ဤလိုင်စင်စည်းမျဉ်းများအပိုင်း (၃)အရလိုင်စင်ထုတ်ပေးရေးမူဘောင်ကို လုပ်ငန်းအဆင့်ဆင့်အခြေခံစနစ်အပေါ်တွင် တည်ဆောက်ထားပြီး ပုဂ္ဂိုလ်တစ်ဦးလျှင် ယေဘူယအားဖြင့် လိုင်စင်တစ်ခု တည်းကို သာထုတ်ပေး၍ ကိုင်ဆောင်ရမည်။

(က) ကွန်ရက် အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (Individual) ကို ရရှိထားသူသည်အမြင့်ဆုံးလုပ်ငန်း အဆင့်ကိုရရှိထားပြီး ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှု လုပ်ငန်းလိုင်စင် (Individual)၊ ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်(Class)၊ ကွန်ရက် ဝန်ဆောင်မှု လုပ်ငန်း လိုင်စင် နှင့် အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင် များအောက်တွင် ခွင့်ပြုနိုင်သည့် ဝန်ဆောင်မှုလုပ်ငန်းများအားလုံးကို လုပ်ကိုင်ခွင့် ရှိသည်။ ကွန်ရက် အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်(Individual) ရရှိသူများသည် ဤလိုင်စင်ထုတ်ပေးခြင်းမူဘောင်အရ ထုတ်ပေးထားသောအခြား မည်သည့် လိုင်စင်အတွက်မှလျှောက်ထားရန် သို့မဟုတ် မှတ်ပုံတင်ရန်မလိုပါ။

(ခ) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (Class) ကို ရရှိထားသူသည် ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်(Class) အောက်တွင်ခွင့်ပြုနိုင်သည့် ဝန်ဆောင်မှုလုပ်ငန်းများကိုသာ လုပ်ကိုင်ခွင့် ရှိပြီး အခြား သောလုပ်ငန်းလိုင်စင်များအား ရရှိထားခြင်းမရှိပါကထပ်မံ လျှောက်ထားရမည်။ ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (Class) ကိုရရှိထားသူ သည် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် သို့မဟုတ် အသုံးချဝန်ဆောင်မှု လုပ်ငန်းလိုင်စင် တစ်ခုခုကို လျှောက်ထားနိုင်ပြီး အများဆုံး လုပ်ငန်းလိုင်စင် နှစ်ခုကို တစ်ဆက်တည်း လျှောက်ထားလုပ်ကိုင်ခွင့်ရှိသည်။

(ဂ) ကွန်ရက် ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ကို ရရှိထားသူသည် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း လိုင်စင် နှင့် အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင် များအောက်တွင် ခွင့်ပြုနိုင်သည့် ဝန်ဆောင်မှုလုပ်ငန်းများအားလုံးကို လုပ်ကိုင်ခွင့် ရှိ သော်လည်း ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှု လုပ်ငန်းလိုင်စင် (Individual) နှင့် ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်(Class)များ အောက်တွင် ခွင့်ပြုနိုင်သည့် ဝန်ဆောင်မှုလုပ်ငန်းများအား လုပ်ကိုင်ခွင့် မရှိပါ။ ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ကိုရရှိထားသူသည် ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်(Class) တစ်ခုနှင့် အများဆုံး လုပ်ငန်းလိုင်စင် နှစ်ခုကို

တစ်ဆက်တည်း လျှောက်ထားလုပ်ကိုင်ခွင့်ပြုသည်။ အကယ်၍ ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်(Individual)အားရရှိရန် လျှောက်ထားလာပါကမူလကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်အား ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်(Individual)ဖြင့်အစားထိုးရမည်။

(ဃ) အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူသည် အသုံးချ ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်အောက်တွင် ခွင့်ပြုနိုင်သည့် လုပ်ငန်းများကိုသာ လုပ်ကိုင်ခွင့်ပြုသည်။ အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူသည် ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်(Class)အားလျှောက်ထားနိုင်ပြီးအများဆုံးလိုင်စင် နှစ်ခုကို တစ်ဆက်တည်း လျှောက်ထားလုပ်ကိုင်ခွင့်ပြုသည်။

(င) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (Class) ၊ ကွန်ရက်ဝန်ဆောင်မှု လုပ်ငန်းလိုင်စင် ၊ အသုံးချဝန်ဆောင်မှု လုပ်ငန်းလိုင်စင်တစ်ခုခု ရရှိထားသူ သို့မဟုတ် ယင်းလိုင်စင်များ အားလုံးကို လုပ်ကိုင်ခွင့် ရရှိသူက ၄င်းရရှိထားသော လုပ်ငန်းလိုင်စင် အမျိုးအစား မှ အသစ်တိုးချဲ့ ဆောင်ရွက်လိုပါက ဤနည်းဥပဒေပုဒ်မ(၂၀)အရ အောက်ပါအတိုင်း ဦးစီးဌာနသို့ လျှောက်ထား ခြင်းသို့မဟုတ် မှတ်ပုံတင်ခြင်းပြုရမည်-

(၁) ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိထားသူ တစ်ဦးအတွက် ကွန်ရက် အထောက်အကူပြုဝန်ဆောင်မှု လုပ်ငန်း လိုင်စင် (Individual) အား ထပ်မံရရှိပါက ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် နေရာတွင် အစားထိုးရမည်၊ သို့ရာတွင် ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (Class) ထပ်မံရရှိခြင်း ဖြစ်ပါက မူလ လိုင်စင် အပြင် (Class) ကိုပါထပ်မံရယူရမည်။

(၂) ကွန်ရက် ဝန်ဆောင်မှု လုပ်ငန်းလိုင်စင် တစ်ခုရရှိထားသူသည် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် သို့မဟုတ် ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (Individual) အား ထပ်မံရရှိပါက ကွန်ရက် ဝန်ဆောင်မှု လုပ်ငန်းလိုင်စင်တွင် အစားထိုးရမည်၊ သို့ရာတွင် ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (Class)ထပ်မံရရှိခြင်းဖြစ်ပါက မူလ လိုင်စင်အပြင် (Class) ကိုပါထပ်မံ ရယူရမည်။

(၃) ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (Class) တစ်ခု ရရှိထားသူသည် ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှု လုပ်ငန်းလိုင်စင် (Individual) အား ထပ်မံရရှိပါက မူလ လိုင်စင်အားပယ်ဖျက်၍ အစားထိုးရမည်၊ သို့ရာတွင် ကွန်ရက် ဝန်ဆောင်မှု လုပ်ငန်းလိုင်စင် သို့မဟုတ် အသုံးချ ဝန်ဆောင်မှု လုပ်ငန်းလိုင်စင် ထပ်မံရရှိပါကမူလ လိုင်စင် အပြင် ထိုလိုင်စင်များကိုပါထပ်မံ ရယူရမည်။

## ၈။ လိုင်စင်ထုတ်ပေးသောလုပ်ငန်းများ

(က) ဆက်သွယ်ရေးဥပဒေအခန်း(၁)၊အခန်း(၃)၊အခန်း(၁၉)တို့အရ သို့မဟုတ် ဝန်ကြီးဌာနမှလိုင်စင်ကင်းလွတ်ခွင့်မပြုထားပါက ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်း၊ ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း နှင့်အသုံးချဝန်ဆောင်မှု လုပ်ငန်းလိုင်စင်များ လျှောက်ထားရယူရန် လိုအပ်သည်။ ဝန်ကြီးဌာနသည် ပုဂ္ဂိုလ် ၊ ဌာန၊ အဖွဲ့အစည်း တစ်ခုခုအား လိုင်စင်ကင်းလွတ်ခွင့်ပြုရန်အတွက် ပွင့်လင်း မြင်သာမှုကို အခြေခံ၍ အများပြည်သူ၏ သဘောထားဖြင့် ဆောင်ရွက်နိုင်သည်။

(ခ) ဆက်သွယ်ရေးဥပဒေအခန်း( ၄ ) နှင့် အခန်း(၆ ) တို့အရ ဦးစီးဌာန သို့မဟုတ် ဝန်ကြီး ဌာနသည်အသုံးချစည်းမျဉ်းမူဘောင်အရ ဆက်သွယ်ရေးပစ္စည်းလိုင်စင် သို့မဟုတ် လှိုင်းနှုန်းစဉ် လိုင်စင်အပါအဝင် တို့ကိုသတ်မှတ်ပေးရမည်။

(ဂ) ဆက်သွယ်ရေးကွန်ရက်တစ်ခုကို လုပ်ကိုင်ဆောင်ရွက်ခြင်း သို့မဟုတ် ဆက်သွယ်ရေးဝန်ဆောင်မှုပေးခြင်းအတွက် သီးခြား လုပ်ကိုင်ခွင့် သို့မဟုတ် တိုးချဲ့ လုပ်ကိုင်ခွင့် ရရှိရန် ဤနည်းဥပဒေအထက်ပါပုဒ်မ ၈(ခ) အရ ထပ်မံ လိုအပ်သည်၊ ဤနည်းဥပဒေများ၏ အပိုဒ်(၃၇)၊ (၃၈) နှင့် (ဆက်သွယ်ရေးနံပါတ် လျာထားသတ်မှတ်ချက်နည်းဥပဒေများနှင့် လှိုင်းနှုန်းစဉ်နည်းဥပဒေများ) ကိုကြည့်ပါ။

## ၉။ လိုင်စင်ကင်းလွတ်ခွင့်ပေးခြင်း

(က) ဝန်ကြီးဌာနသည် မည်သည့် ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှု လုပ်ငန်းများအတွက်လိုင်စင် ကင်းလွတ်ခွင့် ပြုနိုင်သည်။ ထိုသို့ လိုင်စင်ကင်းလွတ်ခွင့်မပြုမီ ပွင့်လင်း မြင်သာမှုရှိစေရန် အများပြည်သူ၏ သဘောထား ( Public Consultation) ကိုရယူကာ ဆောင်ရွက်ရမည်။

(ခ) ဝန်ကြီးဌာနသည် ဆက်သွယ်ရေးဥပဒေ ပုဒ်မ(၈၂)အရ ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း တစ်ခုခု အတွက် မည်သည့် ပုဂ္ဂိုလ်၊ဌာန၊ အဖွဲ့အစည်း

တစ်ခုခုအား လိုင်စင်ကင်းလွတ်ခွင့် မပြုမီ ပြည်ထောင်စု အစိုးရအဖွဲ့၏ ခွင့်ပြုချက်ကိုရယူကာ ဆောင်ရွက်ရမည်။

**၁၀။ ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်း လိုင်စင်(Individual) နှင့် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် ထုတ်ပေးခြင်းဆိုင်ရာ အထွေထွေစည်းမျဉ်းများ**

ဆက်သွယ်ရေးဥပဒေအခန်း (၃) အရ ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်း လိုင်စင် (Individual) သို့မဟုတ် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် အတွက် လိုင်စင်လျှောက် ထားသော ပုဂ္ဂိုလ်သည် အတော်အတန်မြင့်မားသော အတိုင်းအတာရှိသည့် စည်းမျဉ်းပိုင်းဆိုင်ရာ ထိန်းချုပ်မှု နှင့် အထူးစည်းကမ်းသတ်မှတ်ချက်များကို ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (Class) နှင့်အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်များထက်လိုအပ်မည်ဖြစ်သည်။

(က) **လျှောက်လွှာပုံစံများ**

(၁) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်း လိုင်စင် (Individual) နှင့်ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် တို့အတွက် သတ်မှတ်ထားသော လျှောက်လွှာပုံစံ ဖြင့် ဦးစီးဌာန သို့လျှောက်ထားရမည်။

(၂) လိုင်စင်လျှောက်ထားသူသည် မိမိ အမှန်တကယ် ဆောင်ရွက်လိုသည့် လုပ်ငန်းလိုင်စင် အမျိုးအစားကိုသာ လျှောက်ထား ရမည်ဖြစ်ပြီး ယင်းလျှောက်လွှာတွင် သက်ဆိုင်ရာ သတင်းအချက်အလက်များကို ပူးတွဲ ၍ ဦးစီးဌာနသို့ တင်သွင်းရမည်။

(၃) လျှောက်လွှာပုံစံများကို ဦးစီးဌာန၏ဝက်ဘ်ဆိုက်တွင် အများပြည်သူရရှိနိုင်အောင်လုပ်ပေးရမည်။

(ခ) လိုအပ်သောသတင်းအချက်အလက်နှင့် အခကြေးငွေ

(၁) လျှောက်လွှာတွင်ဖြည့်စွက်ရန် လိုအပ်သော သတင်းအချက်အလက်သည် ဦးစီးဌာန၏အကြံပြုချက်အပေါ်တွင် အခြေခံမည်ဖြစ်ပြီး အခါအားလျော်စွာပြောင်းလဲနိုင်သည်။ အဆိုပါ သတင်းအချက်အလက်သည် ဝန်ကြီးဌာနမှ ဆုံးဖြတ်ချက်ချ နိုင်ရန် လုံလောက်ရမည်။

(၂) သတ်မှတ်ထားသောလျှောက်လွှာပုံစံတွင် တူညီသောလိုင်စင်အမျိုးအစား အတွင်းရှိ လိုင်စင်လျှောက်ထားသူ အားလုံးအတွက် တူညီသော သတင်းအချက်အလက်လိုအပ်ချက်များ ပါဝင်ရမည်။

(၃) ဤနည်းဥပဒေအရ ကင်းလွတ်ခွင့် ပြုထားခြင်းမရှိပါက လိုင်စင်လျှောက်ထားသူသည် ဝန်ကြီးဌာနမှစီမံရေးရာကုန်ကျစရိတ်များကို ကာမိရန် အတွက် သတ်မှတ်သော လျှောက်လွှာကြေးကိုပေးဆောင် ရမည်။

(ဂ) လျှောက်လွှာသည်ပြည့်စုံမှုမရှိလျှင် သို့မဟုတ် လျှောက်လွှာ၌ဖြည့်စွက်ထားသော သတင်းအချက်အလက်သည် တိကျမှုမရှိဟု ဦးစီးဌာန သို့မဟုတ် ဝန်ကြီးဌာနတွင် ယုံကြည်ရန်အကြောင်းရှိလျှင် ဦးစီးဌာနသည် မည်သည့်လိုအပ်ချက်များ သို့မဟုတ် လျှောက်လွှာကိုပြုပြင်မွမ်းမံရန်ထပ်မံလိုအပ်သော သတင်းအချက်အလက် များအတွက်ဖြစ်စေ လျှောက်ထားသူထံသို့ အကြောင်းကြားစာပေးအပ်ရမည်။ အဆိုပါလျှောက်ထားသူသည် ဦးစီးဌာနက ခွဲခြားဖော်ထုတ်ပေးသော အကြောင်းအချက်အားလုံးကို မှန်ကန်အောင် ၎င်း၏လျှောက်လွှာကိုပြင်ဆင်၍ ပြန်လည်တင်သွင်းရမည်။

(ဃ) လိုင်စင်လျှောက်ထားသူသည် ထိုသို့ ဦးစီးဌာနမှ စာဖြင့်အကြောင်းကြားစာ ရရှိသည့် ရက်ပေါင်း(၃၀) အတွင်းလျှောက်လွှာ အား ပြန်လည်ပြင်ဆင်၍ ဦးစီးဌာနသို့ တင်ပြရမည်၊ <u>ယင်းသို့ ရက်ပေါင်း(၃၀) အတွင်းတင်ပြရန် ပျက်ကွက်ပါက လျှောက်လွှာအား ငြင်းပယ်နိုင်သည်။</u>

(င) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (Individual) နှင့် ကွန်ရက် ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် တို့ အတွက် လျှောက်ထားလာမှုတို့ ပြည့်စုံပါက ဦးစီးဌာန နှင့် ဝန်ကြီးဌာနသည် ရက်ပေါင်း(၆၀) အတွင်း ဆောင်ရွက်ပေးရမည်။

(စ) ရက်ပေါင်း(၆၀) ထက်ကျော်လွန်ပါက ဦးစီးဌာနသည် ထိုသို့ ကျန့်ကြာမှုအတွက် စာဖြင့်ရေးသား၍ ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ပြီး ပြီးဆုံးနိုင်မည့် ရက်အား ထဲ့သွင်းဖော်ပြပေးရမည်။

(ဆ) ဦးစီးဌာနသည် လိုင်စင်လျှောက်ထားမှုကို စီစစ်ပြီးစီးပါက လိုင်စင်အား ခွင့်ပြုခြင်းသို့မဟုတ် ငြင်းပယ်ခြင်း အား စာဖြင့်အကြောင်းကြားရမည်။

(၁) လျှောက်လွှာကိုအတည်ပြုလျှင် ဦးစီးဌာနသည် ကွန်ရက် အထောက် အကူပြုဝန်ဆောင်မှုလုပ်ငန်း(Individual) သို့မဟုတ် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း လိုင်စင်ခွင့်ပြုပေးရန်အတွက် လျှောက်ထားသူက ပေးဆောင်ရမည့် သက်ဆိုင်ရာ အခကြေးငွေကို လျှောက်ထားသူအား စာဖြင့် အကြောင်းကြားရမည်။

(၂) လျှောက်လွှာကို ငြင်းပယ်လျှင် ဦးစီးဌာနသည် ယင်းသို့ငြင်းပယ်မှုအတွက် အကြောင်းပြချက်များကို စာဖြင့် ပေးရမည်။ လျှောက်ထားသူသည် ပြန်လည်လျှောက်ထားနိုင်ပြီး လျှောက်လွှာကြေးကို ပြန်လည်ပေး ဆောင်ရမည်။

(ဇ) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်း(Individual) နှင့် ကွန်ရက်ဝန်ဆောင် မှုလုပ်ငန်း လိုင်စင်များကို ခွင်းချက်မထားဘဲ ထုတ်ပေးမည်ဖြစ်၍ ဤလိုင်စင်များအတွက် ကြိုတင်သတ်မှတ်ထားသော အရေအတွက် များ ရှိမည်မဟုတ်။ ကွန်ရက်အထောက် အကူပြုပစ္စည်း သို့မဟုတ် ကွန်ရက် အထောက်အကူဝန်ဆောင်မှုလုပ်ငန်းလိုင်စင် အရေအတွက်ကို ကန့်သတ်ရန် မည်သည့် ဆုံးဖြတ်ချက်ဖြစ်စေ ရှားပါးသော အရင်း အမြစ်ကန့်သတ်ချက်များကဲ့သို့ ခိုင်လုံသော အကြောင်းပြချက်များအပေါ်တွင် အခြေခံရမည်။ ယင်းသို့သော ဆုံးဖြတ်ချက် များသည် အများပြည်သူ၏သဘောထား ကို ရယူရမည်။

(ဈ) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်း(Individual) အတွက် ဦးစီး ဌာနမှ သတ်မှတ်သော ရှားပါးသောအရင်းအမြစ် လှိုင်းနှုန်းစဉ် လိုင်စင်များ သီးခြားလျှောက်ထားရမည်ဖြစ်ပြီးကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်(Individual) သည် ရှားပါးသောအရင်းအမြစ်များကို အသုံးပြုခွင့်ရရှိမှုအတွက် အာမခံခြင်းမပြုပါ။

(ည) နံပါတ်ခွဲဝေသတ်မှတ်ခြင်းများကို ဤနည်းဥပဒေအရ ကွန်ရက် အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်း(Individual)သို့မဟုတ်ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း လိုင်စင်တစ်ခု အတွက် လျှောက်ထားခြင်းမှ သီးခြားခွဲ၍ နံပါတ်ပေးခြင်းဆိုင်ရာ စည်းမျဉ်းနှင့် အညီ လျှောက်ထားရမည်။

**၁၁။အသုံးချဝန်ဆောင်မှုလုပ်ငန်းနှင့်ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (Class) များအတွက် အထွေထွေလိုင်စင်ထုတ်ပေးခြင်း လုပ်ထုံးလုပ်နည်းများ**

ဆက်သွယ်ရေးဥပဒေအခန်း(၃ ) အရ ပုဂ္ဂိုလ်တစ်ဦးသည် အသုံးချဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (Class)လိုင်စင်ကို ဦးစီးဌာနသို့ မှတ်ပုံတင်ခြင်းဖြင့်လျှောက်ထားနိုင်ပြီး ကွန်ရက် အထောက်အကူ ပြုဝန်ဆောင်မှုလုပ်ငန်း(Individual) သို့မဟုတ် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း လိုင်စင်လျှောက်ထားခြင်းထက် ပိုမိုလွယ်ကူသည်။

(က) **မှတ်ပုံတင်ပုံစံများ**

(၁) အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်နှင့် ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (Class)လိုင်စင်တစ်ခုစီတွင် သတ်မှတ်ထားသော မှတ်ပုံတင်ပုံစံဖြင့် ဦးစီးဌာနသို့ လျှောက်ထားရမည်။

(၂) လိုင်စင်လျှောက်ထားသူသည် မိမိ အမှန်တကယ် ဆောင်ရွက်လိုသည့် လုပ်ငန်းလိုင်စင် အမျိုးအစားကိုသာ လျှောက်ထား ရမည်ဖြစ်ပြီး ယင်းမှတ်ပုံတင်ပုံစံတွင် သက်ဆိုင်ရာ သတင်းအချက်အလက်များကို ပူးတွဲ ၍ ဦးစီးဌာနသို့ တင်သွင်းရမည်။

(၃) အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်နှင့် ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (Class) အတွက် မှတ်ပုံတင်ပုံစံ များကို အများပြည်သူရရှိအောင် ဦးစီးဌာန၏ဝက်ဘ်ဆိုက်တွင် ဖော်ပြပေးရမည်။

(ခ) **လိုအပ်သောသတင်းအချက်အလက်နှင့် အခကြေးငွေ**

(၁) မှတ်ပုံတင် တွင်ဖြည့်စွက်ရန် လိုအပ်သော သတင်းအချက်အလက်သည် ဦးစီးဌာန၏အကြံပြုချက်အပေါ်တွင် အခြေခံမည်ဖြစ်ပြီး အခါအားလျော်စွာပြောင်းလဲနိုင်သည်။ အဆိုပါ သတင်းအချက်အလက်သည် ဝန်ကြီးဌာနမှ ဆုံးဖြတ်ချက်ချ နိုင်ရန် လုံလောက်ရမည်။

(၂) သတ်မှတ်ထားသော မှတ်ပုံတင် ပုံစံတွင် တူညီသောလိုင်စင်အမျိုးအစား အတွင်းရှိ လိုင်စင်လျှောက်ထားသူ အားလုံးအတွက် တူညီသော သတင်းအချက်အလက်လိုအပ်ချက်များ ပါဝင်ရမည်။

(၃) ဤနည်းဥပဒေအရ ကင်းလွတ်ခွင့် ပြုထားခြင်းမရှိပါက လိုင်စင်လျှောက်ထားသူသည် ဝန်ကြီးဌာနမှ စီမံရေးရာကုန်ကျစရိတ်များကို ကာမိရန်အတွက် သတ်မှတ်သော မှတ်ပုံတင် ကြေးကို ပေးဆောင် ရမည်။

(ဂ) ဦးစီးဌာနထံသို့ ပြည့်စုံတိကျ၍ လက်မှတ်ရေးထိုးထားသော မှတ်ပုံတင်ပုံစံကို စာဖြင့်ရေးသားတင်သွင်းပြီး သက်ဆိုင်ရာအခကြေးငွေကို ပေးဆောင်ပြီးပါက မှတ်ပုံတင် ပုံစံထဲတွင် တင်ပြထားသော အရည်အချင်းသတ်မှတ်ချက်နှင့် ပြည့်စုံသော မည်သူမဆို ၄င်းပုဂ္ဂိုလ်လျှောက်ထားသော အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင် သို့မဟုတ် ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (Class) ကို ရရှိစေရမည်။

(ဃ) အောက်ပါကိစ္စရပ်များတွင် အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင် သို့မဟုတ် ကွန်ရက် အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (Class) မှတ်ပုံတင်ခြင်းသည် အကျိုးသက် ရောက်မှုရှိမည်မဟုတ်–

(၁) ၎င်းပုဂ္ဂိုလ်သည် မှတ်ပုံတင်ပုံစံတွင် တင်ပြထားသော အရည်အချင်းသတ်မှတ်ချက်အားလုံးနှင့် ပြည့်စုံမှုမရှိခြင်း၊

(၂) မှတ်ပုံတင်ပုံစံသည်မပြည့်စုံခြင်း၊ မတိကျခြင်း သို့မဟုတ် လက်မှတ်ရေးထိုးမထားခြင်း၊

(၃) ၎င်းပုဂ္ဂိုလ်သည် သက်ဆိုင်ရာအခကြေးငွေကို ပေးဆောင်မထားခြင်း၊

(င) မှတ်ပုံတင်ပုံစံသည် မပြည့်စုံလျှင် သို့မဟုတ် ပုံစံတွင်ဖြည့်စွက်ထားသော သတင်းအချက်အလက်သည် တိကျမှုမရှိဟု ဦးစီးဌာန သို့မဟုတ် ဝန်ကြီးဌာနတွင် ယုံကြည်ရန် အကြောင်းပြချက်ရှိလျှင် ဦးစီးဌာနသည် မည်သည့်လိုအပ်ချက်များ သို့မဟုတ် ယင်းမှတ်ပုံတင်ခြင်းကို ပြုပြင်မွမ်းမံရန် ထပ်မံလိုအပ်သော သတင်းအချက်အလက်များအတွက် ဖြစ်စေလျှောက်ထားသူထံသို့ အကြောင်းကြားစာပေးအပ်ရမည်။ အဆိုပါလျှောက်ထားသူသည် ဦးစီးဌာနက ခွဲခြားဖော်ထုတ်ပေးသော အကြောင်းအချက်အားလုံးကို မှန်ကန်အောင် ၎င်း၏မှတ်ပုံတင်ပုံစံကို ပြင်ဆင်၍ ပြန်လည်တင်သွင်းရမည်။

(စ) အဆိုပါလျှောက်ထားသူသည် ဦးစီးဌာနကလိုအပ်၍ တောင်းခံသော သတင်းအချက်အလက်များကို အမြန်ဆုံးဖြည့်ဆည်း ဆောင်ရွက်ပေးရမည်။ ထိုသို့ဖြည့်ဆည်းရာတွင် <u>ရက်ပေါင်း(၃၀)အတွင်းမဆောင်ရွက်ပါက အဆိုပါ မှတ်ပုံတင်ခြင်းကို ငြင်းပယ်ရမည်။</u>

(ဆ) ဦးစီးဌာနသည် မှတ်ပုံတင်ပုံစံတင်သွင်းသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း အသုံးချဝန်ဆောင်မှု လုပ်ငန်းလိုင်စင် သို့မဟုတ် ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (Class) ၏ မှတ်ပုံတင် ပါ အချက်အလက်များသည် ပြည့်စုံမှန်ကန်သည်ဟု ယူဆပါက ဆုံးဖြတ်ချက်ကို ပြီးစီးအောင် ပြုလုပ်ပေးရမည် ။

(ဇ) ရက်ပေါင်း(၃၀) ထက်ကျော်လွန်ပါက ဦးစီးဌာနသည် ထိုသို့ ကျန့်ကြာမှုအတွက် စာဖြင့်ရေးသား၍ ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ပြီး ပြီးဆုံးနိုင်မည့် ရက်အားထဲ့သွင်းဖေါ်ပြပေးရမည်။

(ဈ) မှတ်ပုံတင်အား စီစစ်၍ အတည်ပြုပါက ဦးစီးဌာနသည် သက်ဆိုင်ရာ လိုင်စင်ကိုထုတ်ပေးရမည်။ အကယ်၍ ငြင်းပယ်ပါက ငြင်းပယ်ရသည့် အကြောင်းရင်းအား ကျိုးကြောင်းညီညွတ်သော ဖြေရှင်းချက်အား စာဖြင့်ရေးသား ဖြေရှင်းရမည်ဖြစ်သည်။ မှတ်ပုံတင်အားပြန်လည် လျှောက်ထား နိုင်ပြီး မှတ်ပုံတင် ကြေးအား အသစ် ပြန်လည်ပေးသွင်းရမည်။

(ည) အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင် သို့မဟုတ် ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်(Class)ထုတ်ပေးသည့်အရေအတွက်သည် ကန့်သတ်ချက် ရှိမည်မဟုတ်။

၁၂။ **အထူးလိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ**

ဆက်သွယ်ရေးဥပဒေပုဒ်မ(၈)(ခ)နှင့်(ဃ)တို့အရ နိုင်ငံခြားသား (သို့)လျှောက်ထားသူ တစ်ဦးက တင်သွင်းသော လျှောက်လွှာ သို့မဟုတ် မှတ်ပုံတင်ပုံစံ တစ်ခုသည် အပြည်ပြည်ဆိုင်ရာ ပင်မ ဝင်ပေါက်ထွက်ပေါက် လုပ်ငန်း ဝန်ဆောင်မှုလုပ်ငန်းပေးရန် တင်ပြလာပါက ပြည်ထောင်စု အစိုးရအဖွဲ့၏ အတည်ပြုချက်ကို ရယူရမည်၊ ပြည်ထောင်စုအစိုးရအဖွဲသည်လျှောက်လွှာ သို့မဟုတ် မှတ်ပုံတင်ပုံစံ တို့အား စီစစ်ရာတွင် သက်ဆိုင်ရာ ဤနည်းဥပဒေ ပုဒ်မ(၁၀) နှင့် (၁၁) တိုအရ အောက်ပါ အခြေအနေများအရ ဆောင်ရွက်ရမည်-

(က) ကွန်ရက် အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်း(Individual) သို့မဟုတ် ကွန်ရက်ဝန်ဆောင်မှု လုပ်ငန်း လိုင်စင်လျှောက်ထားခြင်းကိုခွင့်ပြုခြင်း၊ ငြင်းပယ် ခြင်းသည် ရက်ပေါင်း (၉၀) အတွင်းဖြစ်ရမည်။ ရက်ပေါင်း(၉၀) ထက်ကျော် လွန်ပါ က ဦးစီးဌာနသည် ထိုသို့ ကျန့်ကြာမှုအတွက် စာဖြင့်ရေးသား၍ ဖြေရှင်း ဆောင်ရွက်ရမည်ဖြစ်ပြီး ပြီးဆုံးနိုင်မည့် ရက်အားထဲ့သွင်း ဖေါ်ပြ ပေးရ မည်။

(ခ) အသုံးချဝန်ဆောင်မှုလုပ်ငန်းသို့မဟုတ် ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှု လုပ်ငန်း (Class)လိုင်စင် အတွက် မှတ်ပုံတင်ခြင်းကို ပြုလုပ် ပေးခြင်း ၊ငြင်းပယ်ခြင်းကာလသည် ရက်ပေါင်း (၆၀) ဖြစ်ရမည်။ ရက်ပေါင်း(၆၀) ထက်ကျော် လွန်ပါက ဦးစီးဌာနသည် ထိုသို့ ကျန့်ကြာမှုအတွက် စာဖြင့်ရေးသား၍ ဖြေရှင်း ဆောင်ရွက်ရမည်ဖြစ်ပြီး ပြီးဆုံးနိုင်မည့် ရက်အားထဲ့သွင်း ဖေါ်ပြ ပေးရ မည်။

၁၃။ **ဆက်သွယ်ရေးစက်ကိရိယာပစ္စည်း အသုံးပြုခြင်း**

ဆက်သွယ်ရေး လုပ်ငန်းလိုင်စင် တစ်ခုခု အရ ဆောင်ရွက်သော ကွန်ရက်အထောက်အကူပြု ပစ္စည်း နှင့် ဆက်သွယ်ရေးစက်ကိရိယာပစ္စည်း များသည် ဆက်သွယ်ရေးဥပဒေ အခန်း(၈) ပါ နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများ နှင့် ကိုက်ညီရမည်။

၁၄။ **လိုင်စင်ဆိုင်ရာ နည်းဥပဒေများ ပြင်ဆင်ချက်များ**

ဆက်သွယ်ရေးဥပဒေ ပုဒ်မ(၈၈) အရ ဦးစီးဌာနသည် ဆက်သွယ်ရေးဥပဒေ နှင့် သက်ဆိုင်ရာ နည်းဥပဒေ မူဘောင်တို့တွင်ချမှတ်ထားသော ရည်ရွယ်ချက်များအောင်မြင်စေရန် လိုအပ်သည် ကဲ့သို့ လိုင်စင်ဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်ခွင့်ရှိစေရမည်၊ ထိုသို့ ပြင်ဆင်ဆောင်ရွက်နိုင်ရန် အများပြည်သူ၏ သဘောထားကို ရယူဆောင်ရွက်ရမည်။

**အခန်း(၃)**

**လိုင်စင်ထုတ်ပေးသော ကွန်ရက်အထောက်အကူပြုပစ္စည်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၏ လုပ်ပိုင်ခွင့်ရရှိသောလုပ်ငန်းများ**

၁၅။ **ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်(Individual)**

(က) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်(Individual) ဆောင်ရွက်လိုသောပုဂ္ဂိုလ်များသည် ဤနည်းဥပဒေ ပုဒ်မ (၁၀) နှင့် (၁၁) တို့ အရ လျှောက်ထားရမည်။

(ခ) ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (Individual) သည် အောက်ပါ တို့ကို လုပ်ကိုင်ခွင့်ပေးသည်–

(၁) ဆက်သွယ်ရေးကွန်ရက်အထောက်အကူပြုပစ္စည်းများနှင့် အခြေခံ အဆောက်အအုံ များကိုတည်ဆောက်ရန်၊ ပြုပြင်ထိန်းသိမ်းရန်နှင့် လုပ်ငန်းဆောင်ရွက် ရန်၊

(၂) လိုင်စင်ရရှိသူ၏ ကွန်ရက်အားလုံး သို့မဟုတ် အစိတ်အပိုင်းကို အခြား လိုင်စင် ရရှိသူသို့ ငှားရမ်းရန်နှင့်

(၃) အများပြည်သူနှင့် ပုဂ္ဂလိက ဆက်သွယ်ရေးဝန်ဆောင်မှုနှင့် အခြား မည်သည့်ဆောင်ရွက်မှုအမျိုးအစားကိုမဆို နိုင်ငံတွင်းဝန်ဆောင်မှုကိုဖြစ်စေ အပြည်ပြည်ဆိုင်ရာဝန်ဆောင်မှုကိုဖြစ်စေ အများပြည်သူနှင့် သို့မဟုတ် ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (Class)၊ ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (သို့) အသုံးချဝန်ဆောင်မှု လုပ်ငန်း လိုင်စင် ရရှိထားသော အခြားလိုင်စင်ရရှိသူတစ်ဦးသို့ ပေးရန်၊

(ဂ) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ကခွင့်ပြုသော လုပ်ငန်းများ တွင်အောက်ပါတို့ကိုဆောက်လုပ်ခြင်း၊ပြုပြင်ထိန်းသိမ်းခြင်း၊ ဆက်သွယ်ရေးဝန်ဆောင်မှုပေးအပ်ခြင်းနှင့် လုပ်ကိုင်ဆောင်ရွက်ခြင်းများပါဝင်သည်။ သို့ရာတွင် ၎င်းတို့ကိုသာ လုပ်ကိုင်ရန် ကန့်သတ်မထားပါ။

(၁) မြေစိုက်ပုံသေကြိုးထုတ်လွှင့်မှု အထောက်အကူပြုပစ္စည်းများ၊

(၂) မြေစိုက်ရေဒီယိုထုတ်လွှင့်မှုအထောက်အကူပြုပစ္စည်းများ၊

(၃) မိုဘိုင်းအခြေစိုက်စခန်း အထောက်အကူပြုပစ္စည်းများ၊

(၄) ရေအောက်နန်းကြိုး(cable) အထောက်အကူပြုပစ္စည်းများ၊

(၅) အပြည်ပြည်ဆိုင်ရာ ပင်မ ဝင်ပေါက်ထွက်ပေါက် လုပ်ငန်းအထောက်အကူပြုပစ္စည်းများ၊

(၆) မြေပေါ်ဂြိုလ်တုစခန်းအထောက်အကူပြုပစ္စည်းများ၊

(၇) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိသည့်ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ၏ထုတ်လွှင့်မှု အရည်အသွေးအတွက်အခြား ဂြိုလ်တုဆက်သွယ်ရေး အထောက်အကူပြုပစ္စည်းများ

(ဃ) ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (Individual) သည် နည်းပညာနှင့် ဝန်ဆောင်မှုပိုင်းဆိုင်ရာတို့တွင် ကန်သတ်ချက် မရှိပါ။

၁၆။ **ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (Class)**

(က) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (Class) ရလိုသူသည် ဤနည်းဥပဒေ များ ပုဒ်မ (၁၁) နှင့် (၁၂) အရ လိုင်စင်လျှောက်ထားရမည်။ ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (Class) လိုင်စင် ရရှိသူသည် ဆက်သွယ်ရေးကွန်ရက် အခြေခံအဆောက်အအုံ အတွက် လိုအပ်သော တည်ဆောက်မှု၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဖြည့်ဆည်းဆောင်ရွက်ခြင်းနှင့် ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (Individual) လိုင်စင် ရရှိထားသူမှ ပိုင်ဆိုင်သော ဆက်သွယ်ရေးကွန်ရက်များအား တည်ဆောက်ရန် နှင့် ပြုပြငထိန်းသိမ်းရန် ငှားရမ်းလာပါက ဆောင်ရွက် နိုင်ပါ သည်။

(ခ) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်(Class) ကခွင့်ပြုသော လုပ်ငန်း များတွင် မြို့ပြအင်ဂျင်နီယာဆိုင်ရာကိစ္စနှင့် အီလက်ထရောနစ် အသုံးပြုမှု ဆိုင်ရာမဟုတ်သည့် ကိစ္စများအတွက် မည်သည့်တစ်ဆင့်ခံ ဆက်သွယ် ရေးကွန်ရက် အခြေခံ အဆောက်အအုံအမျိုးအစားများကိုမဆို ဖြန့်ကျက်ခြင်းနှင့် ပြုပြင်

ထိန်းသိမ်း ခြင်းများ ပါဝင်သည်။ သို့ရာတွင် ၎င်းတို့ကိုသာ လုပ်ကိုင်ရန် ကန့်သတ်မထားပါ။

(၁) တာဝါတိုင်များ

(၂) ရွက်တိုင်များ

(၃) တိုင်မြင့်များ

(၄) မြောင်းများ

(၅) ကျောက်တိုင်များ

(၆) ဖိုင်ဘာကေဘယ်လိုင်းအလွတ်များ

(ဂ) ဆက်သွယ်ရေးကွန်ရက်များအား ဖြန့်ကျက်ခြင်းနှင့်ထိန်းသိမ်းခြင်း နှင့် ပြည်တွင်း၌အချင်းချင်း ဆက်သွယ်ခြင်းအတွက်ကိုသာ အသုံးပြုသော ကိုယ်တိုင်အသုံးပြုဆက်သွယ်ရေးလုပ်ငန်းများအား အောက်ပါများကို ကန့်သတ်သည်-

(၁) အဖွဲ့အစည်းတစ်ခုအတွင်းအချင်းချင်း သို့မဟုတ် ပြည်တွင်းတွင်အဖွဲ့အစည်းအချင်းချင်း ဆက်သွယ်ခြင်းကိုသာ ခွင့်ပြုသည့်ကွန်ရက်အခြေခံအဆောက်အအုံသည် အခြားမည်သည့် ပြည်သူသို့မဟုတ်ပုဂ္ဂလိကကွန်ရက်နှင့်မဆိုချိတ်ဆက်ဆောင်ရွက်ခြင်း ၊

(၂) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ မပေးထားသော သုံးစွဲသူအုပ်စုများကိုပိတ်ခြင်း သို့မဟုတ် အခြားမည်သူတစ်ဦးကိုမဆိုဝန်ဆောင်မှုပေးခြင်း၊

(ဃ) ဝန်ကြီးဌာနသည် အခြားကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်း အမျိုးအစား များကို အများပြည်သူ၏သဘောထားရယူပြီး Class လိုင်စင်အမျိုးအစားအရ သတ်မှတ်နိုင်သည်။

(င) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်(Class) သည် နည်းပညာဆိုင်ရာကန့်သတ်ချက်မရှိပါ။

၁၇။ **ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်**

(က) ကွန်ရက်ဝန်ဆောင်မှုပေးလိုသော ပုဂ္ဂိုလ်များသည် ဤနည်းဥပဒေပုဒ်မ (၁၀) နှင့် (၁၂) အရ လိုင်စင်လျှောက်ထားရမည်။

(ခ) ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်တစ်ခုသည် လိုင်စင်ရရှိသူကို အများပြည်သူသို့မဟုတ် အခြားလိုင်စင်ရသူအား နိုင်ငံအတွင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာဝန်ဆောင်မှုပေးရန်အလို့ငှာ အများပြည်သူနှင့် ပုဂ္ဂလိက ဆက်သွယ်ရေးဝန်ဆောင်

မှု အားလုံးကိုပေးရန် ထုတ်လွှင့်မှုစွမ်းအားကို ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (Individual) ရသူတစ်ဦးနှင့် သို့မဟုတ် အခြားလိုင်စင်ရသူ တစ်ဦး ထံမှ တိုက်ရိုက်ငှားရမ်းဆောင်ရွက်နိုင်သည်။

(ဂ) ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်တစ်ခုသည် လိုင်စင်ရရှိသူကို ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်နှင့် အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ဖြင့် လုပ်ခွင့်ရှိသော ဝန်ဆောင်မှုလုပ်ငန်းအားလုံးကို လုပ်ပိုင်ခွင့်ပေးသည်။

(ဃ) ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်တစ်ခုသည် လိုင်စင်ရရှိသူကို လိုင်စင် ထုတ်ပေးထားသောဝန်ဆောင်မှုများပေးရန်အတွက် လိုအပ်သောခလုတ်များ၊ router များနှင့် ပြုပြင်မွမ်းမံရေးပစ္စည်းများအတွက်မှလွဲ၍ ဆက်သွယ်ရေးကွန်ရက်အထောက်အကူပြုပစ္စည်းများနှင့် အခြေခံအဆောက်အအုံများကို ဆောက်လုပ်ရန်၊ ပြုပြင်ထိန်းသိမ်းရန်နှင့် လုပ်ငန်းဆောင်ရွက်ရန် ခွင့်မပြုပါ။

(င) ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်က ခွင့်ပြုသော လုပ်ငန်းအမျိုးအစားများတွင် ယေဘူယျအားဖြင့် အပြည်ပြည်ဆိုင်ရာ ထုတ်လွှင့်မှုစွမ်းအားကို ငှားရမ်းရန်လိုအပ်သော ဆက်သွယ်ရေးဝန်ဆောင်မှုများနှင့် သို့မဟုတ် ဆက်သွယ်ရေး နံပါတ်လျာထားသတ်မှတ်ချက် နည်းဥပဒေများနှင့် ကိုက်ညီသော နံပါတ်များကို အသုံးပြုရမည်။

(စ) ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူသည် ဦးစီးဌာနက ခွဲဝေသတ်မှတ်ပေးသည့် လှိုင်းနှုန်းစဉ် ရရှိရေး ဆောင်ရွက်ရန်မလိုအပ်ပါ။

(ဆ) ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်က ခွင့်ပြုသောလုပ်ငန်းများတွင် အောက်ပါဆက်သွယ်ရေးဝန်ဆောင်မှုပေးအပ်ခြင်းများ ပါဝင်သည်။ သို့ရာတွင် ၎င်းတို့ကိုသာ လုပ်ကိုင်ရန် ကန့်သတ်မထားပါ။

(၁) ဝါယာကြိုးဆက်သွယ်မှုပြန်လည်ရောင်းချခြင်းဝန်ဆောင်မှုများ

(၂) မြေစိုက်ကြိုးမဲ့ ချိတ်ဆက်ရေးပြန်လည်ရောင်းချခြင်းဝန်ဆောင်မှုများ

(၃) အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်း သယ်ယူပို့ဆောင်ရေး ကွန်ရက်နှင့်ဆီွချင်ဝန်ဆောင်မှုများနှင့်

(၄) အပြည်ပြည်ဆိုင်ရာ ပင်မဝင်ပေါက် ထွက်ပေါက်ဝန်ဆောင်မှုများ

(ဇ) ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း လိုင်စင်သည် နည်းပညာ နှင့် ဝန်ဆောင်မှုတွင် ကန့်သတ်ချက်မရှိပါ။

၁၈။ **အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်**

(က) အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင် လုပ်ကိုင်လိုသော ပုဂ္ဂိုလ်များသည် ဤနည်းဥပဒေပုဒ်မ (၁၁) နှင့်(၁၂) တို့အရ လိုင်စင်လျှောက်ထားရမည်။

(ခ) အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်တစ်ခုသည် လိုင်စင်ရရှိသူကို အများပြည်သူ သို့မဟုတ် အခြားလိုင်စင်ရသူအား နိုင်ငံကိုအခြေခံ၍ အများပြည်သူနှင့် ပုဂ္ဂလိကဆက်သွယ်ရေး ဝန်ဆောင်မှုများပေးရန်အတွက် ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရသူ တစ်ဦးနှင့် သို့မဟုတ် အခြားလိုင်စင်ရသူတစ်ဦးထံမှ ထုတ်လွှင့်မှုစွမ်းအားကို တိုက်ရိုက်ငှားရမ်း ခွင့်ပေးသည်။

(ဂ) အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်တစ်ခုသည် လိုင်စင်ရရှိသူကို အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ကခွင့်ပြုသောဝန်ဆောင်မှုများကိုသာ ပေးခွင့်ပြုသည်။

(ဃ) အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်တစ်ခုသည် လိုင်စင်ရရှိသူကို လိုင်စင်ထုတ်ပေးထားသော ဝန်ဆောင်မှုများပေးရန်အတွက် လိုအပ်သောခလုတ်များ၊ router များနှင့် ပြုပြင်မွမ်းမံရေးပစ္စည်းများအတွက်မှလွဲ၍ ဆက်သွယ်ရေးကွန်ရက်အထောက်အကူပြုပစ္စည်းများနှင့် အခြေခံအဆောက်အအုံများကို ဆောက်လုပ်ရန်၊ ပြုပြင်ထိန်းသိမ်းရန်နှင့် လုပ်ငန်းဆောင်ရွက်ရန် သို့မဟုတ် အပြည်ပြည်ဆိုင်ရာအခြေခံဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှုပေးရန် သို့မဟုတ် ရှားပါးသော လှိုင်းနှုန်းစဉ်အရင်းအမြစ် သို့မဟုတ် နံပါတ်များလိုအပ်သည့် ဆက်သွယ်ရေးဝန်ဆောင်မှုပေးရန် ခွင့်မပြုပါ။

(င) အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်က ခွင့်ပြုသောလုပ်ငန်းများတွင် အောက်ပါဆက်သွယ်ရေးဝန်ဆောင်မှုပေးအပ်ခြင်းများပါဝင်သည်။ သို့ရာတွင် ၄င်းတို့ကိုသာ လုပ်ကိုင်ရန် ကန့်သတ်မထားပါ ။

(၁) အများပြည်သူအခပေးတယ်လီဖုန်းဝန်ဆောင်မှု

(၂) အများပြည်သူ (Switched Data) ခေါ်ဆိုမှုဝန်ဆောင်မှု

(၃) ရွေးချယ်မှုကို အခြေခံသော(Audiotext Hosting)ဝန်ဆောင်မှု

(၄) လမ်းညွှန်စာအုပ်ဝန်ဆောင်မှု

(၅) အင်တာနက်ဝန်ဆောင်မှုပေးသူဝန်ဆောင်မှု

(၆) အင်တာနက်ကဖေးဝန်ဆောင်မှု

(၇) သတင်းပေးပို့မှုဝန်ဆောင်မှု

(၈) ပုဂ္ဂလိက ကြိုးဖုန်း(Voice/Data) ဝန်ဆောင်မှု

(ဇ) ထပ်ပေါင်းတန်ဖိုး(Value-added) ဝန်ဆောင်မှု

(စ) အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင်သည် နည်းပညာနှင့် ဝန်ဆောင်မှုတွင် ဘက်လိုက်ခြင်းမရှိပါ။

**အခန်း(၄)**

**ဆက်သွယ်ရေးဝန်ဆောင်မှုလိုင်စင်ရရှိထားသူများ၏ အထွေထွေရပိုင်ခွင့် နှင့် တာဝန်များ**

**၁၉။လိုင်စင်သက်တမ်း**

ဤနည်းဥပဒေများအရ ထုတ်ပေးသော ဆက်သွယ်ရေး ဝန်ဆောင်မှု လုပ်ငန်း လိုင်စင်များအားလုံး ၏ လိုင်စင်သက်တမ်းသည် ၁၅နှစ် ဖြစ်သည်။

၂၀။ **ထပ်မံတိုးချဲ့ဝန်ဆောင်မှုစွမ်းဆောင်မှုပေးခြင်း**

ဤနည်းဥပဒေပုဒ်မ ( ၆ )အရ လိုင်စင်ရရှိသူတစ်ဦးသည် ၎င်း၏ လက်ဝယ်ရှိလိုင်စင်ဖြင့် ထပ်မံတိုးချဲ့၍ကွန်ရက် သို့မဟုတ် ဝန်ဆောင်မှုပေးရန်ဆောင်ရွက်လိုပါကထပ်မံတိုးချဲ့မည့် ကွန်ရက် သို့မဟုတ် ဝန်ဆောင်မှု ကိုဦးစီးဌာနသို့ စာဖြင့် အကြောင်းကြားရမည်။ ယင်းသို့ စာဖြင့် အကြောင်းကြားတင်ပြရာတွင်လိုင်စင်ရရှိသူသည် သက်ဆိုင်ရာလိုင်စင် ၏ လျှောက်လွှာကြေး သို့မဟုတ် မှတ်ပုံတင်ကြေး၏ တစ်ဝက်နှင့်ညီမျှသောငွေ ကိုလည်းတစ်ပါတည်းပေးသွင်းရမည်။

(က) အကြောင်းကြားစာ တွင် လိုင်စင်ရရှိသူကခွင့်ပြုပေးရန် တောင်းခံသည့် **ထပ်မံတိုးချဲ့**ပေးမည့်လုပ်ငန်းကိစ္စများကို ဖော်ပြရမည်ဖြစ်ပြီး၊ မည်သည့် **ထပ်မံတိုးချဲ့မည့်**လုပ်ငန်းများဆိုင်ရာ ဖြည့်ဆည်းပေးခြင်းနှင့် ဆက်နွယ်သော ထပ်တိုး စည်းကမ်းချက်များနှင့် သို့မဟုတ် တာဝန်များ ကို လိုင်စင်ရရှိသူက ဖြည့်ဆည်း ပေးနိုင်ကြောင်းဖော်ပြရမည်။

(ခ) ဦးစီးဌာနသည် ကွန်ရက်အထောက်အကူပြုပစ္စည်းဝန်ဆောင်မှုလုပ်ငန်း (I) သို့မဟုတ် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်အောက်တွင် ခွင့်ပြု ထားသော လုပ်ငန်းများအတွက် လိုင်စင်ရရှိသူက လက်ရှိလိုင်စင် ခွင့်ပြုနယ်ပယ် အတွင်း ထပ်မံတိုးချဲ့ဝန်ဆောင်မှုများပေးနိုင်ခြင်း ရှိ မရှိကို ရက်ပေါင်း(၃၀)အတွင်း လိုင်စင်ရရှိသူသို့ စာဖြင့်အကြောင်းကြားရမည်။

(ဂ) အသုံးချဝန်ဆောင်မှုလုပ်ငန်းလိုင်စင် သို့မဟုတ် ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်း (Class)လိုင်စင် အောက်တွင် ပါရှိသော လုပ်ငန်းများအတွက် လိုင်စင်ရရှိသူသည် အကြောင်းကြားစာကို တင်သွင်းပြီးသောအခါ ၎င်း၏လက်ရှိ လိုင်စင်နယ်ပယ်မှ ထပ်မံတိုးချဲ့သည့်လုပ်ငန်းများကို စတင်ဝင်ရောက် လုပ်ကိုင် နိုင်သည်။ ဦးစီးဌာနက အဆိုပါ ထပ်မံတိုးချဲ့သောလုပ်ငန်းများအတွက် ကန့်ကွက်

ခြင်းရှိပါက လိုင်စင်ရရှိသူသို့ ရက်ပေါင်း (၃၀) အတွင်း စာဖြင့် အကြောင်း ကြားရမည်။

(ဃ) ထပ်မံတိုးချဲ့လုပ်ငန်းများဝင်ရောက်လုပ်ကိုင်ရန် အကြောင်းကြားစာကို ဦးစီးဌာနက ငြင်းပယ်လိုက်သော ကိစ္စများ၌ ဦးစီးဌာန၏ အကြောင်းကြား စာတွင် ယင်းသို့ ငြင်းပယ်ရသည့် အကြောင်းရင်း အတိအကျဖော်ပြရမည်ဖြစ်ပြီး အကြောင်းကြားစာကို လိုင်စင်ရရှိသူမှ ပြန်လည်တင်သွင်း ခွင့်ပေးရမည်။

(င) ထပ်မံတိုးချဲ့ ဝန်ဆောင်မှုပေးခြင်းကို ငြင်းပယ်လျှင် ထပ်မံတိုးချဲ့ ဝန်ဆောင်မှုများကို မပေးရပါ သို့မဟုတ် အသုံးချဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် ကွန်ရက် အထောက်အကူပြုလုပ်ငန်းလိုင်စင်(Class) နှင့်ဆိုင်သော ကိစ္စတွင် လုပ်ငန်း အသစ်များဆောင်ရွက်နေမှုကို ချက်ချင်း ရပ်စဲရမည်။

**၂၁။ လိုင်စင်သက်တမ်းတိုးခြင်း**

ဆက်သွယ်ရေးဥပဒေပုဒ်မ ( ၈ ) နှင့် (၁၂)တွင် ပြဋ္ဌာန်းထားသော သက်တမ်းတိုးသည့် လုပ်ငန်းစဉ် အရ လိုင်စင်ရရှိသူသည် ၎င်း၏သက်ဆိုင်ရာလိုင်စင်၏ သက်တမ်းတိုးခြင်းကို ဦးစီးဌာနသို့ စာဖြင့်ရေးသားတင်သွင်း တောင်းခံနိုင်သည်။

(က) မည်သည့်သက်တမ်းတိုးရန် တောင်းခံမှုကိုမဆို လိုင်စင်သက်တမ်းကုန်ဆုံးသည့် ရက်မတိုင်မီ (၂၄) လ ထက်မစောဘဲ (၁၂)လထက် ပို၍ နောက်မကျမီ ပြုလုပ်ရမည်။

(ခ) သက်တမ်းတိုးရန်တောင်းခံမှုကို လက်ခံရရှိသည့်အခါ ဦးစီးဌာနနှင့် လိုင်စင်ရရှိသူတို့က အခြားနည်းဖြင့် သဘောတူညီထားခြင်းမရှိပါက လိုင်စင်ရရှိသူသည် အောက်ပါတို့နှင့် အဓိကအားဖြင့် ကိုက်ညီလျှင် ဦးစီးဌာနသည် တူညီသော သို့မဟုတ် အဓိကအားဖြင့်တူညီသော သတ်မှတ်ချက်များဖြင့် ကနဦးလိုင်စင် သက်တမ်းကာလနှင့်တူညီသောကာလအတွက် သက်ဆိုင်ရာလိုင်စင်ကို သက်တမ်း တိုးပေးရမည်။

(၁) ဦးစီးဌာနက ထုတ်ပြန်ထားသော သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်းစည်းကမ်း များနှင့် သက်ဆိုင်ရာဆုံးဖြတ်ချက်များ၊

(၂) လိုင်စင်တွင်ပါရှိသော စည်းကမ်းချက်များ၊ သတ်မှတ်ချက်များနှင့် တာဝန် များ၊

(ဂ) လိုင်စင်ရရှိသူသည် သက်တမ်းတိုးပေးရန် ထပ်မံတောင်းခံနိုင်သည်။

၂၂။ **လိုင်စင်သက်တမ်းတိုးရန်ငြင်းပယ်ခြင်း**

ဦးစီးဌာနသည် လိုင်စင်တစ်ခုကို သက်တမ်းတိုးပေးရန် ငြင်းပယ်ပါက လိုင်စင်ရရှိသူအားစာဖြင့် အကြောင်းကြားရမည်။

(က) ယင်းအကြောင်းကြားစာတွင် ယင်းသို့ ငြင်းပယ်ခြင်းအတွက် အကြောင်းပြချက်သည် အောက်ပါတို့ကို အခြေခံ ရမည်-

(၁) ဆက်သွယ်ရေးဥပဒေတွင် သတ်မှတ်ထားသော လိုင်စင်ရရှိသူမှ လိုက်နာရမည့်တာဝန်ဝတ္တရားများကို လိုက်နာရန် ပျက်ကွက်ခြင်း၊

(၂) ဆက်သွယ်ရေးဥပဒေ၊ အခန်း(၁၁)ပါပြိုင်ဆိုင်မှုကို ဆန့်ကျင်သည့် လုပ်ဆောင်ချက်များအား တားမြစ်ခြင်းဆိုင်ရာအရ ဦးစီးဌာနမှ ချမှတ်ထားသော ဆုံးဖြတ် ချက်များ၊

(၃) ဆက်သွယ်ရေးဥပဒေ၊ အခန်း(၁၄)ပါ အငြင်းပွားမှုများကို ဖြေရှင်းခြင်းအရ ဦးစီးဌာနမှ ချမှတ်ထားသော ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍-

(က) ဆက်သွယ်ရေးဝန်ဆောင်မှုပေးခြင်းနှင့်ဆောင်ရွက်ခြင်း၊ သို့မဟုတ်

(ခ) ချိတ်ဆက်အသုံးပြုခြင်းနှင့်အပြန်အလှန်ဆက်သွယ်ခြင်း၊

(၄) ဆက်သွယ်ရေးဥပဒေ၊ အခန်း(၁၆) နှင့် အခန်း(၁၇) ပါပုဒ်မ ၅၈ အရ ဦးစီးဌာနက ပြုလုပ်သော စီမံခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ်ကို ဝန်ကြီးဌာနသို့ အယူခံဝင်ခြင်းအား ဝန်ကြီးဌာနမှ ပြုလုပ်သည့် ဆုံးဖြတ်ချက်များ၊

(၅) လိုင်စင်တွင် ပါရှိသော စည်းကမ်းချက်များ၊ သတ်မှတ်ချက်များ နှင့် တာဝန် များ၊

(ခ) ဦးစီးဌာနက ထုတ်ဖော်ပေးသော မည်သည့်ချို့ယွင်းချက်ကိုမဆို ပြန်လည်ကောင်းမွန်စေရန်နှင့် သက်တမ်းတိုးရန်လျှောက်လွှာ ပြန်လည် တင်သွင်းရန်အတွက် လိုင်စင်ရရှိသူကို ထိုက်သင့် သော အခွင့်အရေး ပေးရမည် နှင့်၊

(ဂ) သက်တမ်းတိုးရန် လျှောက်လွှာလက်ခံရရှိပြီး (၆) လ အတွင်း လိုင်စင်ရရှိသူကို လိုင်စင် သက်တမ်းတိုးပေးရမည်။

၂၃။ **လိုင်စင်လွှဲပြောင်းခြင်း သို့မဟုတ် သတ်မှတ်ခြင်း**

လုပ်ငန်းဆောင်ရွက်မှု များအား ထိန်းချုပ်ခြင်း သို့မဟုတ် ၎င်း၏ သက်ဆိုင်ရာ လိုင်စင်အရရှိသည့် အခွင့်အရေး၊ အကျိုး ခံစားခွင့် သို့မဟုတ် တာဝန်ဝတ္တရားတစ်ခုခုကို

အခြား ပုဂ္ဂိုလ်တစ်ဦးဦးသို့လွှဲပြောင်းပေးခြင်းမပြုမီ လိုင်စင်ရရှိသူသည် ဦးစီးဌာနသို့ စာဖြင့်ကြိုတင် ခွင့်ပြုချက် ရယူရမည်။

၂၄။ **လိုင်စင်ကို ပြုပြင်ခြင်း**

ဦးစီးဌာနသည် လိုင်စင်တစ်ခုကိုအောက်ပါအခြေအနေတွင် ပြုပြင်နိုင်သည်-

(က) လိုင်စင်ရသူ၏ တောင်းခံမှု သို့မဟုတ် သဘောတူညီချက်အရ

(ခ) သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်းများ၊ ၊ နည်းဥပဒေများ ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ နှင့် ဦးစီးဌာနက ထုတ်ပြန်ထားသော အခြားသက်ဆိုင်ရာ ဆုံးဖြတ်ချက်များတွင် ပါဝင်ပြီး အခါအားလျော်စွာ ပြင်ဆင်ထားသည့် လိုအပ်ချက်အားလုံးနှင့် ကိုက်ညီရန်နှင့် လိုက်လျောညီထွေဖြစ်ရန်၊

(ဂ) သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်းများ၊ နည်းဥပဒေများ ၊ အမိန့်ကြော်ငြာစာများ၊ စည်းကမ်းများနှင့် ဦးစီးဌာနက ထုတ်ပြန်ထားသော အခြားသက်ဆိုင်ရာ ဆုံးဖြတ်ချက်များအရ အများပြည်သူ၏ အကျိုးစီးပွားအတွက် ယင်းသို့လုပ်ဆောင်ရန် လိုအပ်သည်ဟု ဦးစီးဌာနကကောက်ချက်ချလျှင်

(ဃ) စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်ပြီးနောက် လိုင်စင် ရရှိသူသည် သက်ဆိုင်ရာဥပဒေ၊ စည်းမျဉ်းများ၊နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ စည်းကမ်းများနှင့် ဦးစီးဌာနက ထုတ်ပြန်ထားသော အခြားသက်ဆိုင်ရာ ဆုံးဖြတ်ချက်များ သို့မဟုတ် သက်ဆိုင်ရာ လိုင်စင်တွင်ပါဝင်သော စည်းကမ်းချက်များ၊သတ်မှတ်ချက်များနှင့်တာဝန်ဝတ္တရားများကိုလိုက်နာရန်ပျက်ကွက်သည်ဟု ဦးစီးဌာနကသတ်မှတ်လျှင်

၂၅။ **လိုင်စင်ဆိုင်းငံ့ခြင်းနှင့်ရုပ်ဆိုင်းခြင်း**

ဦးစီးဌာနသည် ဆက်သွယ်ရေးဥပဒေ ပုဒ်မ (၅၇) နှင့် အခြားသက်ဆိုင်ရာ ဥပဒေ၊ စည်းမျဉ်းများ၊ နည်းဥပဒေများ၊တွင် ပြဋ္ဌာန်းထားချက်များအရ လိုင်စင်ရရှိသူသည် အောက်ပါတို့နှင့်အားလိုက်နာရန် ပျက်ကွက် သည်ဟု ဆုံးဖြတ်ပါက စီမံခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ်ကို အရေးယူဆောင်ရွက်ပြီးနောက် လိုင်စင်အား ဆိုင်းငံ့နိုင်သည် သို့မဟုတ် ရုပ်ဆိုင်းနိုင်သည် -

(က) ဆက်သွယ်ရေးဥပဒေ တွင် အထူးပြဋ္ဌာန်းထားသော လိုင်စင်ရရှိသူ၏ တာဝန်တစ်ရပ်ရပ်

(ခ) ဆက်သွယ်ရေးဥပဒေအခန်း (၁၁) အရ ပြိုင်ဆိုင်မှု ဆန့်ကျင်သည့်လုပ် ဆောင်ချက်နှင့်ပတ်သက်၍ ဦးစီးဌာနက ချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်

(ဂ) ဆက်သွယ်ရေး ဥပဒေ အခန်း(၁၄) အရ အောက်ပါ အငြင်းပွားမှု ဖြေရှင်းမှု ဆိုင်ရာ ကိစ္စရပ်များအတွက် ဦးစီးဌာနက ချမှတ်သော ဆုံးဖြတ်ချက် တစ်ရပ်ရပ်

(၁) ဆက်သွယ်ရေးဝန်ဆောင်မှု ပေးခြင်း သို့မဟုတ်လုပ်ငန်းဆောင်ရွက်ခြင်း၊

(၂) ချိတ်ဆက်အသုံးပြုခြင်းနှင့်အပြန်အလှန်ဆက်သွယ်ခြင်း

(ဃ) ဦးစီးဌာနက ပြုလုပ်သော ဆုံးဖြတ်ချက်တစ်ခု ကိုဆက်သွယ်ရေး ဥပဒေ ပုဒ်မ (၅၈) အရ ဝန်ကြီးဌာနမှ ဖြေရှင်း ဆောင်ရွက်ချက် တစ်ခုခု ကို မကျေနပ်ပါက ဆက်သွယ်ရေး ဥပဒေအခန်း(၁၇) အရဖွဲ့စည်းထားသော အယူခံခုံရုံးသို့ တင်ပြ ဆောင်ရွက် နိုင်သည်။

(င) ဆက်သွယ်ရေး ဥပဒေပုဒ်မ(၆၂)အရ အယူခံခုံရုံး၏ ဆုံးဖြတ်ချက်တစ်ရပ်ရပ်

(စ) လိုင်စင်တွင်ပါဝင်သော စည်းကမ်းချက်၊ သတ်မှတ်ချက် သို့မဟုတ် တာဝန် ဝတ္တရားတစ်ရပ်ရပ်

၂၆။ **လိုင်စင်ပြန်လည်အပ်နှံခြင်း**

(က) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်း (Individual) သို့မဟုတ် ကွန်ရက်ဝန် ဆောင်မှုလိုင်စင်ကို ကိုင်ဆောင်ထားသော ပုဂ္ဂိုလ်တစ်ဦးသည် ဦးစီးဌာန၏ စာဖြင့် ကြိုတင်ခွင့်ပြုချက်ဖြင့်သာ သက်ဆိုင်ရာလိုင်စင်ကို ပြန်လည် အပ်နှံနိုင်သည်-

(၁) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်း(Individual) သို့မဟုတ် ကွန်ရက် ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် ကိုင်ဆောင်ထားသူသည်လိုင်စင်ကို ပြန်လည်အပ်နှံရန် အဆိုပြုသည့်နေ့မတိုင်မီ အနည်းဆုံးရက် ပေါင်း(၁၈၀) အတွင်း ဦးစီးဌာနသို့ စာဖြင့်ပြန်လည်အပ်နှံခွင့် တောင်းခံရ မည်။

(၂) ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်း(Individual) သို့မဟုတ် ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ကို ပြန်လည်အပ်နှံရန် ဦးစီးဌာနက သဘောတူလျှင် လိုင်စင်ကိုင်ဆောင်သူသည် အသွင်ကူးပြောင်းမှုအတွက် သုံးစွဲသူများကို ဦးစီးဌာနက သတ်မှတ်ပေးသော အခြားသင့်လျော်သည့် ဝန်ဆောင်မှုပေးသူများဆီသို့ ကူးပြောင်းပေးရန် ထိုက်သင့်သည့် အားထုတ် မှု ပြုလုပ်ပေးရမည်။

(ခ) အသုံးချဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် ကွန်ရက်အထောက်အကူပြုဝန် ဆောင်မှု လုပ်ငန်း(Class)လိုင်စင်ရရှိထားသည့်ပုဂ္ဂိုလ်တစ်ဦးသည်သက်ဆိုင်ရာ လိုင်စင်ကို ပြန်လည် အပ်နှံလိုသည့်နေ့ရက်မတိုင်မီ ရက် ပေါင်း(၉၀) အတွင်း ဦးစီးဌာနသို့

စာဖြင့် ကြိုတင်အကြောင်းကြား ပေးပို့ပြီး သက်ဆိုင်ရာ လိုင်စင်ကို ပြန်လည် အပ်နှံနိုင်သည်။ လိုင်စင်ကိုင်ဆောင်သူသည် အသွင်ကူးပြောင်းမှုအတွက် သုံးစွဲသူများကို ဦးစီးဌာနက သတ်မှတ်ပေးသော အခြားသင့်လျော်သည့် ဝန်ဆောင်မှုပေးသူများဆီသို့ ကူးပြောင်းပေးရန် ထိုက်သင့်သည့် အားထုတ်မှု ပြုလုပ်ပေးရမည်။

၂၇။ **အခကြေးငွေများ**

(က) သက်ဆိုင်သည့်နေရာတွင် လိုင်စင်ရရှိသူသည် ဆက်သွယ်ရေးဥပဒေနှင့် ဤနည်းဥပဒေအရ ဝန်ကြီးဌာနက သတ်မှတ်ပေးသော အခကြေးငွေများကို ဝန်ကြီးဌာန သို့ပေးဆောင်ရမည်။ အဆိုပါဝန်ဆောင်ခများတွင် အောက်ပါတို့ ပါဝင်ရမည်-

(၁) သက်ဆိုင်ရာလျှောက်လွှာ သို့မဟုတ် မှတ်ပုံတင် လျှောက်ထားခြင်းနှင့်အတူ တင်ပြရမည့် လျှောက်လွှာကြေး သို့မဟုတ် မှတ်ပုံတင်ကြေး

(၂) လိုင်စင်ထုတ်မပေးမီ ပေးဆောင်ရမည့် ကနဦးလိုင်စင်ကြေး

(၃) ရရှိလာသည့်ဝင်ငွေမှ ရာခိုင်နှုန်းကို အခြေခံသည့် နှစ်စဉ်ပေးဆောင်ရမည့် ဥပဒေကြောင်းဆိုင်ရာစီမံကြီးကြပ်ကွပ်ကဲခ

(၄) သက်တမ်းတိုးခ

(၅) ထပ်တိုးဝန်ဆောင်မှုများပေးရန် အခကြေးငွေနှင့်

(၆) ဝန်ကြီးဌာနက သတ်မှတ်ထားသော အခြားအခကြေးငွေများ

(ခ) ဆက်သွယ်ရေးဥပဒေပုဒ်မ (၁၅) နှင့် ပုဒ်မ (၈၁) နှင့် (၈၂) အရလည်းကောင်း၊ အခြားသက်ဆိုင်ရာဥပဒေ နှင့် နည်းဥပဒေမူဘောင်အရ လည်းကောင်း၊ ဝန်ကြီးဌာနသည်သင့်တင့်မျှတ၍ပွင့်လင်းမြင်သာမှုရှိပြီး လိုင်စင်ရရှိသူ အားလုံး အပေါ် သာတူညီမျှ တစ်ပြေးညီကျင့်သုံးသည့် အပြုအမူကိုအခြေခံ ၍ အခကြေး ငွေများကို သတ်မှတ်ရမည်။ သတ်မှတ် အခကြေးငွေ များသည် ဦးစီးဌာန၏ စီမံခန့်ခွဲမှုဆိုင်ရာ ကုန်ကျစရိတ် များအပေါ်တွင် အခြေခံရမည်။

(ဂ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်များအတွက် သက်ဆိုင်သည့် အခကြေးငွေများကို အခကြေးငွေဇယားတွင် ဖော်ပြထားရမည်။

(ဃ) ဝန်ကြီးဌာနသည် အခကြေးငွေ သတ်မှတ်ချက်များအား ပြန်လည် စိစစ်ခြင်းကို အများပြည်သူသဘောထားရယူ၍ ၃နှစ်လျှင် တစ်ကြိမ် ဆောင်ရွက်ရမည်။

အများပြည်သူသဘောထားရယူပြီးနောက် ဝန်ကြီးဌာနသည် အခကြေးငွေများကို ပြန်လည်ပြင်ဆင်သတ်မှတ်ရမည်။

(င) ဝန်ကြီးဌာနသည် လိုင်စင်ရရှိသူတစ်ဦး သို့မဟုတ် လိုင်စင်ရရှိသူများအုပ်စုအား လည်းကောင်း၊ လိုင်စင်အမျိုးအစားတစ်ခု သို့မဟုတ် လိုင်စင်များအမျိုးအစား အား လည်းကောင်း ၊ ပေးဆောင်ရမည့်လိုင်စင်ခများမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။ ယင်းသို့ကင်းလွတ်ခွင့်ပေးခြင်းသည် ပွင့်လင်းမြင်သာမှုနှင့် သက်ဆိုင်ရာစံနှုန်း တို့ အပေါ် အခြေခံပြီး အများပြည်သူသဘောထားရယူ၍ ဆောင်ရွက်ခြင်း ဖြစ် ရမည်။

၂၈။ **အခကြေးငွေများပေးဆောင်မှုမရှိခြင်း**

လိုင်စင်ရရှိသူတစ်ဦးသည် လက်ခံနိုင်လောက်သည့် ညီညွတ်မျှတချက် မရှိပါက ဆက်သွယ်ရေးဥပဒေပုဒ်မ (၈၁) နှင့် သက်ဆိုင်ရာ နည်းဥပဒေနှင့်အညီ−

(က) လိုင်စင်ရရှိသူတစ်ဦးသည် ဝန်ကြီးဌာနက သတ်မှတ်ထားသည့် ပေးဆောင်ရမည့် အခ ကြေးငွေတစ်စုံတစ်ရာကို ယင်းသို့ ပေးဆောင်ရန် စေ့ရောက်သည့်ရက်မှ ရက်ပေါင်း (၃၀)အတွင်း ပေးဆောင်ရန် ပျက်ကွက်မှု အတွက် ထိုအချိန်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဖြစ်ပေါ်နေသော ကူးသန်းရောင်းဝယ်မှု ဆိုင်ရာ ငွေချေးနှုန်း အပေါ်တွင် အခြေခံ၍ ဝန်ကြီးဌာနက သတ်မှတ် ပေးသောနှုန်းဖြင့် ပေးဆောင်ရန် စေ့ရောက်ခဲ့သည့် နေ့အထိ နောက်ကြောင်းပြန်၍ ဝန်ကြီးဌာနသို့ အတိုး ပေးဆောင်ရမည်။

(ခ) လိုင်စင်ရရှိသူတစ်ဦးသည် ဝန်ကြီးဌာနသို့ ပေးဆောင်ရမည့် အခကြေးငွေ တစ်စုံတစ်ရာကို ပေးဆောင်ရန် (သို့မဟုတ် အခြားပေးချေမှုကို ပြုလုပ်ရန်) အချိန်စေ့ရောက်သည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း ယင်းသို့ပေးဆောင်ရန်ကို တမင်သော်လည်းကောင်း၊ ထပ်ခါထပ်ခါ သော်လည်းကောင်း ပျက် ကွက်ခဲ့လျှင် ဝန်ကြီးဌာနသည် ဤနည်းဥပဒေများအပိုဒ်(၄၃) နှင့် အခြား သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ သို့မဟုတ် စည်းမျဉ်းတစ်ရပ်ရပ်နှင့်အညီ အရေးယူမှုတစ်စုံတစ်ရာကို ပြုလုပ်ရမည်။

၂၉။ **လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာကျင့်ဝတ်များ**

ဆက်သွယ်ရေးဥပဒေပုဒ်မ ( ၁၅ ) နှင့် ပုဒ်မ (၈၃)အရ ဝန်ကြီးဌာနနှင့် ဦးစီးဌာန တို့သည် နည်းဥပဒေများအား ဆောင်ရွက်ရန် သို့မဟုတ် အခြားနည်းဥပဒေ စည်းမျဉ်းစည်းကမ်းများတွင် အကျုံးဝင်မှုမရှိထားသောဆောင်ရွက်မှု များနှင့် ပတ်သက်၍ ဆက်သွယ်ရေး ဝန်ဆောင်မှု

ပေးသူများအား လမ်းညွှန်မှုပေးရန်အတွက် ကျင့်ဝတ်၊ အမိန့်ကြေငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လမ်းညွှန်ချက် သို့မဟုတ် လုပ်ထုံးလုပ်နည်းကို ထုတ်ပြန်ခွင့်ရှိသည်။

(က) လိုင်စင်ရရှိသူများကို ထိခိုက်မှုရှိနိုင်သည့် မည်သည့်ကျင့်ဝတ်များ၊ ညွှန်ကြားချက်များ၊ အမိန့်များကိုမဆို မထုတ်ပြန်မီ အကြောင်းကြားချက်နှင့် အများပြည်သူအတွက် ဝေဖန်ရန် အခွင့်အရေးကိုပေးဆောင်ရွက်ရမည်။

(ခ) မည်သည့်ကျင့်ဝတ်၊ ညွှန်ကြားချက်၊ အမိန့်ကိုမဆို အများပြည်သူ ရရှိနိုင်အောင် လုပ်ရမည်ဖြစ်ပြီး၊ကျင့်ဝတ်၊ ညွှန်ကြားချက်၊ အမိန့်ကို တည်ဆောက်ထားသော အဖြစ်မှန်နှင့်ဥပဒေဆိုင်ရာအခြေခံနှင့်ပတ်သက်သည့်ထိုက်သင့်သောရှင်းလင်းချက် ပါဝင်ရမည်။

(ဂ) ဦးစီးဌာနက ထုတ်ပြန်ထားသော ကျင့်ဝတ်၊ ညွှန်ကြားချက်၊ အမိန့်တစ်စုံတစ်ရာနှင့် လိုင်စင်ရရှိသူက အငြင်းပွားသောကိစ္စတွင် လိုင်စင်ရရှိသူသည် ထို ကျင့်ဝတ်၊ ညွှန်ကြားချက်၊အမိန့်ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း-

(၁) ဦးစီးဌာနကို ၎င်း၏ဆုံးဖြတ်ချက်အား ပြန်လည်စဉ်းစားရန် တောင်းခံရမည်။

## အခန်း(၅)

## ဆက်သွယ်ရေးကွန်ရက်များနှင့် ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရရှိသူများ၏ အထူးသတ်မှတ်ထားသောရပိုင်ခွင့်နှင့် တာဝန်များ

၃၀။ **ဈေးကွက်လွှမ်းမိုးနိုင်သောဝန်ဆောင်မှုပေးသူမှလိုက်နာရမည့်တာဝန်များ**

ဦးစီးဌာနသည် သက်ဆိုင်ရာဈေးကွက်အပေါ် ပြန်လည်သုံးသပ်ချက်နှင့် ဆက်သွယ်ရေးဥပဒေ၊အခြားဆက်စပ်ဥပဒေ၊ သက်ဆိုင်ရာ နည်းဥပဒေနှင့် အထူးသဖြင့် ဈေးကွက် ယှဉ်ပြိုင်မှုဆိုင်ရာနည်းဥပဒေများအရ ဈေးကွက်အားလွှမ်းမိုးနိုင်သော ဝန်ဆောင် မှုပေးသူဟု ဆုံးဖြတ် ခြင်းခံရသည့်လိုင်စင်ရရှိသူများအပေါ်တွင် အထူးတာဝန်များ ချမှတ်ပေးနိုင်သည်။

၃၁။ **ဈေးကွက်ကိုလွှမ်းမိုးနိုင်သောအခြေအနေပိုင်ဆိုင်ထားသော လိုင်စင်ရရှိသူများအတွက် သက်မှတ်သော အထူးတာဝန်အမျိုးအစားများ**

ဆက်သွယ်ရေးဥပဒေနှင့် အပြန်အလှန်ချိတ်ဆက်အသုံးပြုခြင်း နည်းဥပဒေအပါအဝင် သက်ဆိုင်ရာ နည်းဥပဒေများအရ ဦးစီးဌာနက ဈေးကွက်ကိုလွှမ်းမိုးနိုင်သော အခြေအနေ ကို ပိုင်ဆိုင်ထားသော လိုင်စင်ရရှိသူများအတွက် သက်မှတ်သော အထူးတာဝန်အမျိုးအစားများ အောက်ပါတို့ပါဝင်နိုင်သည်။ သို့ရာတွင် ၎င်းတို့သာပါဝင်ရမည်ဟု ကန့်သတ်မထားပါ။

(က) ချိတ်ဆက်အသုံးပြုခြင်းနှင့် အပြန်အလှန် ဆက်သွယ်ခြင်း

(ခ) အခြေခံအဆောက်အအုံမျှဝေအသုံးပြုခြင်း

(ဂ) နိုင်ငံအတွင်းနှင့် သို့မဟုတ် အပြည်ပြည်ဆိုင်ရာတွင် လက်ကိုင်ဖုန်းအသုံးပြုခြင်း

(ဃ) ကုန်ကျစရိတ်ကို အဓိကထားသော ဈေးနှုန်းသတ်မှတ်မှုကို အသုံးပြုခြင်းနှင့် အခွန်ပေးဆောင်ရန်တာဝန်များ

(င) အတည်ပြုထားသော စံချိန်စံညွှန်းနှင့် ကိရိယာများကို အသုံးပြုခြင်း

(စ) အခြေခံဆက်သွယ်ရေးလိုအပ်ချက်ဖြည့်စည်းခြင်းဆိုင်ရာဝန်ဆောင်မှုပေးခြင်း

၃၂။ **ပုဂ္ဂလိကအိမ်ရာ အဆောက်အအုံသို့ဝင်ရောက်အသုံးပြုခြင်း**

ဆက်သွယ်ရေးဥပဒေအခန်း ( ၁၃ ) တွင် ပေးအပ်ထားသော ကာကွယ်မှုများအရ ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင် (Individual) ရရှိသူ သို့မဟုတ် ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်(Class)ရရှိသူတစ်ဦးသည် ကွန်ရက်အထောက်အကူပြုပစ္စည်းများကို တပ်ဆင်ရန် သို့မဟုတ် ပြုပြင် ရန် ရည်ရွယ်ချက်ဖြင့် ပုဂ္ဂလိကအိမ်ရာအဆောက်အအုံသို့ဝင်ရောက်အသုံးပြုနိုင်သည်။

၃၃။ **အများပြည်သူအသုံးပြုသည့်လမ်းကြောင်းသို့ဝင်ရောက်ချိတ်ဆက်အသုံးပြုခြင်း**

ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်(Individual) ရရှိသူ သို့မဟုတ် ကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင်(Class)ရရှိသူတစ်ဦးသည်အများပြည်သူအသုံးပြုသည့်လမ်းကြောင်းသို့အမှန်တကယ်အသုံးပြုရန်လိုအပ်လာပါကဝင်ရောက်ချိတ်ဆက်အသုံးပြုနိုင်သည်။ သို့ရာတွင် ယင်းသို့မဝင်ရောက်မီ ဥပဒေအရ လိုအပ်သော မည်သည့်ခွင့်ပြုချက်ကို မဆို ရယူရမည်။

(က) လိုင်စင်ရရှိသူသည် အများပြည်သူအသုံးပြုသည့်လမ်းသို့ ဝင်ရောက်ခွင့်ကို တောင်းခံသည့်နေရာတွင် ၎င်းလိုင်စင်ရရှိသူသည် ဦးစီးဌာနကို အကြောင်းကြားရမည်ဖြစ်ပြီး ဦးစီးဌာန၏ အကူအညီကို တောင်းခံနိုင်သည်။

(ခ) လိုင်စင်ရရှိသူသည် အများပြည်သူအသုံးပြုသည့်လမ်းကြောင်းသို့ ဝင်ရောက်၍ လမ်းကြောင်း၏အောက်မှဖြစ်စေ၊ အပေါ်မှဖြစ်စေ၊ အထက်မှဖြစ်စေ ကွန်ရက်အထောက်အကူပြု ပစ္စည်းများဖြန့်ကျက် အသုံးပြုသည့်အခါ အောက်ပါတို့အတွက် ထိုက်သင့်သောကိစ္စအားလုံးကို ဆောင်ရွက်ရမည်-

(၁) လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ထိခိုက်ဒဏ်ရာရစေခြင်း သို့မဟုတ် အများပြည်သူပိုင်အိမ်ရာအဆောက်အအုံကို ထိခိုက်ပျက်စီးစေခြင်းကို ရှောင်ရှားရန် နှင့်

(၂) ကားလမ်း၊မီးရထားလမ်း၊ရေလမ်းကြောင်းနှင့်လေကြောင်းလမ်း တို့တွင် အများ ပြည်သူ ခရီးသွားလာခြင်းကို အနှောင့်အယှက်ဖြစ်စေခြင်းအား အနည်းဆုံးဖြစ်စေရေးဆောင်ရွက်ရန်၊

၃၄။ **လမ်းညွှန်စာအုပ်နှင့် လမ်းညွှန်စာအုပ်စုံစမ်းရေးဝန်ဆောင်မှုများပေးခြင်း**

သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်နှင့် အသုံးချစည်းမျဉ်းမူဘောင်အရ ဆက်သွယ်ရေးနံပါတ် လျာထားသတ်မှတ်ခြင်းနည်းဥပဒေ နှင့် အညီ ဆက်သွယ်ရေးနံပါတ်များရရှိထားသော လိုင်စင် ရရှိသူ တစ်ဦးသည်-

(က) လမ်းညွှန်စာအုပ်များကို ထုတ်ဝေ၍ လမ်းညွှန်စာအုပ်စုံစမ်းရေးဝန်ဆောင်မှုပေးနိုင် သည်။ လိုင်စင်ရရှိသူသည် ထိုသို့ဆောင်ရွက်ထားပါ က နောက်ဆုံးသုံးစွဲသူအား မည်သည့် လမ်းညွှန်စာအုပ်နှင့် စုံစမ်းရေးဝန်ဆောင်မှုတစ်ခုခု ကို ရွေးချယ် အသုံးပြုနိုင်စေရန် ဆောင်ရွက်ထားရမည်ဖြစ်ပြီး အခမဲ့ ဖြစ်စေရမည်။

(ခ) ၄င်း၏နောက်ဆုံးသုံးစွဲသူများ၏ နံပါတ်များနှင့်ပတ်သက်သည့် ပြည့်စုံ၍ မှန်ကန် တိကျသောအချက်အလက်အစုအဝေးကို ထိန်းသိမ်း၍ (လမ်းညွှန်စာအုပ်နှင့် လမ်းညွှန် စာအုပ်စုံစမ်းရေးဝန်ဆောင်မှုများမှနောက်ဆုံးသုံးစွဲသူက သီးသန့် ချန်လှပ် ဖယ်ထုတ်ထားရန် တောင်းဆိုပြောထားသည့်နံပါတ်များကို ရှင်းလင်းစွာ ခွဲခြား ဖော်ထုတ် ထည့်သွင်းထားသည့်) ၄င်းအချက်အလက်များ ရရှိအောင် ဆောင်ရွက် ထားသည့် လမ်းညွှန်စာအုပ် နှင့် လမ်းညွှန်စာအုပ်စုံစမ်းရေး ဝန်ဆောင်မှုများအား ဆောင်ရွက်ထားရှိရန်နှင့် အခြားလိုင်စင် ရရှိထားသူများအတွက် ဦးစီးဌာနမှ သင့်လျော် သော စည်းကမ်းသတ်မှတ်ချက်များ သတ်မှတ်ပေးရမည်။

၃၅။ **အများပြည်သူအရေးပေါ်ခေါ်ဆိုမှုဝန်ဆောင်မှုပေးခြင်း**

သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်နှင့် အသုံးချစည်းမျဉ်းမူဘောင်အရ ဆက်သွယ်ရေးနံပါတ် လျာထားသတ်မှတ်ခြင်းနည်းဥပဒေ နှင့် အညီ ဆက်သွယ်ရေးနံပါတ်များရရှိထားသော လိုင်စင် ရရှိသူ တစ်ဦးသည်-

(က) နောက်ဆုံးသုံးစွဲသူတိုင်းကို လိုင်စင်ရရှိသူ၏ ကွန်ရက်နှင့်အတူ အသုံးပြုထား သော ဆက်သွယ်ရေးပစ္စည်းမှ ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက် အစီအစဉ်အရ သတ်မှတ်ထားသည့် နိုင်ငံအလိုက်အရေးပေါ်နံပါတ်တိုင်းသို့ အခမဲ့ဝင်ရောက်၍ ရရှိအောင်ပြုလုပ်ပေးရမည်။

(ခ) ဦးစီးဌာနမှ သတ်မှတ်ထားသော အခြားနည်းပညာဆိုင်ရာ သတ်မှတ်ချက်နှင့် အခြားလိုအပ်ချက်များနှင့် အညီ အရေးပေါ်ခေါ်ဆိုမှု ဝန်ဆောင်မှုပေးခြင်းကို ဆောင်ရွက်ရမည်။

၃၆။ **သုံးစွဲသူကာကွယ်စောင့်ရှောက်ရေးတာဝန်များ**

ဆက်သွယ်ရေးဥပဒေ အခန်း ( ၉ ) နှင့်သက်ဆိုင်ရာ စည်းမျဉ်းများအရ လိုင်စင်ရရှိသူများသည်-

(က) ငှားရမ်းအသုံးပြုသူများနှင့် စံချိန်စံညွှန်းမီသော စာချုပ်များချုပ်ဆိုရမည်။

(ခ) ငှားရမ်းအသုံးပြုသူများအား တိကျသောအသေးစိတ်ငွေ တောင်းခံလွှာများပေးရမည်။

(ဂ) ငှားရမ်းအသုံးပြုသူများအား တရားမျှတ၍ပွင့်လင်းမြင်သာမှုရှိသော အငြင်းပွားမှု ဖြေရှင်းရေးလုပ်ထုံးလုပ်နည်းတစ်ခုကို ရရှိအောင် ပြုလုပ်ပေးရမည်။

(ဃ) အခွန်အခများနှင့် ဝန်ဆောင်မှုအရည်အသွေးပါရှိသော ဝန်ဆောင်မှုရရှိရေး စည်းကမ်းချက်များကို ပုံနှိပ်ထုတ်ဝေရမည်။

(င) ပုဂ္ဂိုလ်ရေးအချက်အလက်များနှင့် သတင်းအချက်အလက်များ လုံခြုံရေးနှင့် ပတ်သက်၍ ငှားရမ်းအသုံးပြုသူများအား စာဖြင့်တိကျသော အသေးစိတ်ကာကွယ်မှုများပေးရမည်။

## အခန်း(၆)
## အခြားလုပ်ပိုင်ခွင့်လွှဲအပ်မှုများ

၃၇။ **ဆက်သွယ်ရေးပစ္စည်းလိုင်စင်**

ဆက်သွယ်ရေးဥပဒေအခန်း(၄) အရ ဝန်ကြီးဌာနသည် မပိုင်ဆိုင်မီ သို့မဟုတ် မသုံးစွဲမီ ဆက်သွယ်ရေးပစ္စည်းလိုင်စင်ရယူရန် လိုအပ်သောဆက်သွယ်ရေးပစ္စည်းများ၏စာရင်းကို ပြုစုနိုင်သည်။

(က) လိုင်စင်ရယူရန်လိုအပ်သော ဆက်သွယ်ရေးပစ္စည်းများစာရင်းကို နောက်ဆက်တွဲဇယားဖြင့် ဖော်ပြထားသည်။

(ခ) ထိုသို့ လိုင်စင်ရယူရန်လိုအပ်မည့်ဆက်သွယ်ရေးပစ္စည်းစာရင်း သတ်မှတ်ရန် အများပြည်သူ၏သဘောထားရယူဆောင်ရွက်ရမည်။ အဆိုပါ ဆက်သွယ်ရေးပစ္စည်းစာရင်းတွင်ပါဝင်သော ဆက်သွယ်ရေးပစ္စည်းများသည် ယေဘူယအားဖြင့် လိုင်းနှုန်းနှောက်ယှက်မှု အများဆုံးဖြစ်နိုင်ခြင်း နှင့်/ သို့မဟုတ် ပြည်သူလူထု

ပိုင်ဆိုင်မှုနှင့် နိုင်ငံတော် လုံခြုံရေးကို ထိပါးနိုင်သော ပစ္စည်းများကို သတ်မှတ်ရမည်။

(ဂ) ဆက်သွယ်ရေးပစ္စည်းတစ်မျိုးကို အသိပေးအကြောင်းကြားရန် သင့်မသင့်ဆုံးဖြတ်ရန်အများပြည်သူထံမှ အကြံဉာဏ်ရယူမှုလုပ်ငန်းစဉ်တစ်ရပ်တွင် အောက်ပါတို့ ပါဝင်ရမည်။

(၁) ထိုလိုင်စင်အမျိုးအစား (များ) ၏ အဆိုပြုထားသောစည်းကမ်းချက်နှင့် သတ်မှတ်ချက်များနှင့်

(၂) ထိုလိုင်စင်အမျိုးအစား (များ) ၏အဆိုပြုထားသော လိုင်စင် သက်တမ်း

(ဃ) ဆက်သွယ်ရေးပစ္စည်းလိုင်စင်တစ်ခု၏ အထွေထွေစည်းကမ်းချက်များ၊ သတ်မှတ်ချက်များနှင့် သက်တမ်းသည် ယခင်ကအသိပေးအကြောင်းကြားပြီး လိုင်စင်ထုတ်ပေးထားသောဆက်သွယ်ရေးပစ္စည်းများကိုလည်း အသုံးပြုလိုသော လိုင်စင်ရရှိသူအားလုံးအတွက် တူညီရမည်။

(င) အောက်ပါ ဆက်သွယ်ရေးပစ္စည်း များသည် ဆက်သွယ်ရေးပစ္စည်း လိုင်စင် မှ ကင်းလွတ်ခွင့်ရသည်-

(၁) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ရန် လုပ်ငန်းလိုင်စင် ရရှိထားသူ ၏ ကိုယ်ပိုင် နှင့် ဝန်ဆောင်မှုပေးနေသော ဆက်သွယ်ရေးပစ္စည်းများ

(၂) လုပ်ငန်းလိုင်စင်ရရှိသူတစ်ဦးထံမှ နောက်ဆုံးသုံးစွဲသူမှ ငှားရမ်းထားသော ဆက်သွယ်ရေးပစ္စည်းများ

(စ) လုပ်ပိုင်ခွင့်လွှဲအပ်ခြင်းလုပ်ငန်းစဉ်

(၁) ဆက်သွယ်ရေးပစ္စည်းလိုင်စင် တစ်ခုအတွက် သတ်မှတ်ထားသော လျှောက်လွှာကို ဦးစီးဌာနသို့ တင်သွင်းရမည်။

(၂) ဦးစီးဌာနသည် လိုအပ်သောသတင်းအချက်အလက်များ ပါဝင်သော မှတ်ပုံတင် ပုံစံအား ဖြန့်ဝေထားရှိရမည်ဖြစ်ပြီးဦးစီးဌာနမှ လိုအပ်ပါက အချိန်အခါအလိုက် အသိပေး၍ ပြောင်းလဲဆောင်ရွက်နိုင်သည်။

(၃) သတ်မှတ်ထားသော မှတ်ပုံတင်ပုံစံတွင် ဆက်သွယ်ရေးပစ္စည်း လိုင်စင် လျှောက်ထားသူ များအတွက် တူညီသော အချက်အလက်များ ပါဝင်ရမည်။

(၄) လျှောက်ထားသူသည် မှတ်ပုံတင် ကို လျှောက်ထားရာတွင်ဝန်ကြီးဌာနမှ စီမံခန့်ခွဲမှုကုန်ကျစရိတ်ကာမိစေရန် သတ်မှတ်ထားသော မှတ်ပုံတင်ကြေးကိုပေးဆောင်ရမည်။

(၅) စာဖြင့်ရေးသားတင်ပြထားသည့်ပြည့်စုံတိကျ၍ လက်မှတ်ရေးထိုး ထားသည့် မှတ်ပုံတင်ပုံစံနှင့် ဦးစီးဌာနသို့ သက်ဆိုင်ရာ အခကြေးငွေ ပေးသွင်းမှုအပေါ် တွင် မှတ်ပုံတင်ပုံစံ တွင် သတ်မှတ်ထားသော အရည်အသွေးစံနှုန်းပြည့်မီ သော မည်သည့် ပုဂ္ဂိုလ်မဆို ဆက်သွယ်ရေးပစ္စည်းလိုင်စင် ရရှိမည်ဖြစ်သည်။

(၆) လျှောက်လွှာပုံစံသည် မပြည့်စုံလျှင် သို့မဟုတ် ပုံစံထဲတွင် ဖြည့်စွက်ထားသော သတင်းအချက်အလက်များသည် တိကျမှန်ကန်မှုမရှိဟု ယုံကြည်ရန် ဦးစီးဌာနထံတွင် အကြောင်းရှိလျှင် ဦးစီးဌာနသည် ထိုလျှောက်လွှာကို ပြုပြင်မွမ်းမံရန်လိုအပ်သည့် ချို့ယွင်းချက် သို့မဟုတ် နောက်ဆက်တွဲ သတင်းအချက်အလက်အားလုံးကို စာဖြင့်အကြောင်းကြားရမည်။ ထိုအခါ လျှောက်ထားသူသည် ဦးစီးဌာနကခွဲခြားဖော်ထုတ်ထားသော ကိစ္စအားလုံးကို မှန်ကန်အောင် ၎င်း၏လျှောက်လွှာကို ပြင်ဆင်ပြီး ပြန်လည်တင်သွင်းနိုင်သည်။

(၇) ဦးစီးဌာနက အချက်အလက်များရရှိရန်တောင်းဆိုသော ကိစ္စရပ်များတွင် လျှောက်ထားသူသည် တောင်းဆိုထားချက်များကို ချက်ချင်းပြန်လည်တင်ပြရမည်။ ယင်းသို့ ပြန်ကြားဆောင်ရွက်ရန် <u>ရက်ပေါင်း(၃၀) အတွင်း ပျက်ကွက်ပါက မှတ်ပုံတင်ခြင်းအား ငြင်းပယ်ဆောင်ရွက်နိုင်သည်။</u>

(၈) ဦးစီးဌာနသည်တင်သွင်းသော မှတ်ပုံတင်ပုံစံများကို ရက်ပေါင်း (၃၀) အတွင်း မှန်ကန် သေချာစေရန် ဆောင်ရွက်ရမည်။

(၉) မှတ်ပုံတင်ပုံစံအား စိစစ်သုံးသပ်မှု ပြီးဆုံးသည်နှင့် ဦးစီးဌာနသည် အတည်ပြုလျှင် ဆက်သွယ်ရေးပစ္စည်းလိုင်စင်ကို ထုတ်ပေးရမည်။ ငြင်းပယ်ပါက ဦးစီးဌာနသည် ထိုသို့ငြင်းပယ်ခြင်းအတွက် အကြောင်းပြချက်အသေးစိတ်ကို စာဖြင့်ရေးသားပေးပို့ရမည်။ မှတ်ပုံတင်ခြင်းအား ပြန်လည် တင်သွင်းခွင့် ရှိပြီး မှတ်ပုံတင်ကြေးပြန်လည် ပေးဆောင်ရမည်။

(၁၀) ဆက်သွယ်ရေးပစ္စည်းလိုင်စင် အရေအတွက် ကန့်သတ်ထားခြင်းမရှိပါ။

(ဆ) ဆက်သွယ်ရေးပစ္စည်းလိုင်စင်ရရှိသူများသည်ဆက်သွယ်ရေး ဥပဒေပုဒ်မ ( ၄) နှင့် (၅) တို့ အရ -

(၁) ဆက်သွယ်ရေးပစ္စည်းများကို လိုင်စင်ထဲတွင် ခွင့်ပြုထားသောနေရာများ တွင်သာ ထားရှိ၍ အသုံးပြုရမည်။

(၂) လိုင်စင်ရရှိသူက ကိုင်တွယ်လုပ်ဆောင်သော ဆက်သွယ်ရေးပစ္စည်းများထံ နိုင်ငံတော်၏လုံခြုံရေးကို အနှောင့် အယှက်ဖြစ်စေမည့်အရာမှန်သမျှကို တားဆီးရန် စီမံဆောင်ရွက်ရမည်။

(၃) အသုံးပြုနေသော ဆက်သွယ်ရေးပစ္စည်းများနှင့်ပတ်သက်၍ ဦးစီးဌာန၏ ညွှန်ကြားချက်များကို လိုက်နာရမည်။

(၄) ဆက်သွယ်ရေးဥပဒေအခန်း (၇) တွင် ပြဋ္ဌာန်းထားသော နည်းပညာဆိုင်ရာ စံချိန်စံညွှန်းများအားလုံးကို လိုက်နာရမည်။

၃၈။ **သီးခြားလှိုင်းနှုန်းစဉ်လိုင်စင်**

ဆက်သွယ်ရေးဥပဒေ အခန်း( ၆ ) နှင့် အကျုံးဝင်သော လှိုင်းနှုန်းစဉ် နည်းဥပဒေများအရ ဦးစီးဌာနသည် ပုဂ္ဂိုလ်တစ်ဦးအား လှိုင်းနှုန်းလိုင်စင်အား သတ်မှတ်ချက်များနှင့် အညီ လှိုင်းနှုန်းတစ်ခု သို့မဟုတ် တိကျစွာသတ်မှတ်ထားသော လှိုင်းနှုန်းခွင် အများကို အသုံးပြုရန် ထုတ်ပေးသောအခါ ထိုလှိုင်းနှုန်းစဉ်လိုင်စင်ကို ဆက်သွယ်ရေးကွန်ရက် သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်း လိုင်စင်နှင့် သီးခြားခွဲ၍ ထုတ်ပြန်ရမည်။

၃၉။ **ဆက်သွယ်ရေးနံပါတ်အရင်းအမြစ်များကိုအသုံးပြုခြင်း**

ဆက်သွယ်ရေးဥပဒေ အခန်း( ၇) နှင့် အကျုံးဝင်သော စည်းမျဉ်းမူဘောင် အထူးသဖြင့် ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက်နည်းဥပဒေများအရကွန်ရက်အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းလိုင်စင် ရရှိသူများနှင့် ကွန်ရက် ဝန်ဆောင်မှုလိုင်စင်ရရှိသူများသည် ဆက်သွယ်ရေးနံပါတ်လျာထားသတ်မှတ်ချက်နည်းဥပဒေများနှင့်အညီ ဆက်သွယ်ရေး နံပါတ် အရင်းအမြစ်များ ကို တောင်းခံနိုင်သည်။

## အခန်း(၇)
## စောင့်ကြည့်စစ်ဆေးခြင်းနှင့် ဥပဒေအရဆောင်ရွက်ခြင်း

၄၀။ **သတင်းအချက်အလက်ဆိုင်ရာပြဋ္ဌာန်းချက်**

(က) ဆက်သွယ်ရေးဥပဒေအခန်း ( ၁၂ ) နှင့် အကျုံးဝင်သောစည်းမျဉ်းမူဘောင်အရ ဦးစီးဌာနသည်-

(၁) လိုင်စင်ရရှိသူအမျိုးအစားအားလုံး သို့မဟုတ် အချို့၏လုပ်ငန်းများ အပေါ်တွင် ပုံမှန်၊ ထိုက်သင့်သော အစီရင်ခံခြင်းဆိုင်ရာလိုအပ်ချက်များကို သတ်မှတ် ပေးရ မည်။

(၂) ဆက်သွယ်ရေးဥပဒေအရ ၄င်း၏လုပ်ငန်းများကိုဆောင်ရွက်ရန်အတွက် ဦးစီးဌာန ကလိုအပ်သော သတင်းအချက်အလက်၊ အထောက်အထား၊

သဘောတူညီချက်၊ လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်း၊ စာရွက်စာတမ်းနှင့် အခြားသတင်းအချက် အလက်များအတွက် သတ်မှတ်ထားသော လိုင်စင်ရရှိသူများကို တောင်းခံသည့်စာ ထုတ်ပြန်ရမည်။ ထိုတောင်းခံမှု သည် သင့်တင့်မျှတရမည်ဖြစ်ပြီး မလိုအပ်သော ဝန်ထုပ်ဝန်ပိုးမဖြစ်စေရ။

(ခ) လိုင်စင်ရရှိသူအားလုံးသည် ဦးစီးဌာန သို့မဟုတ် ဝန်ကြီးဌာနထံမှ သတင်းအချက်အလက်တောင်းခံမှု သို့မဟုတ် အစီရင်ခံခြင်းဆိုင်ရာ လိုအပ်ချက်များကို လိုက်နာရမည်။

၄၁။ **မှတ်ပုံတင်ခြင်း**

(က) ဦးစီးဌာနသည် ဆက်သွယ်ရေးကွန်ရက်နှင့် ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်အားလုံး၏ အများပြည်သူရရှိနိုင်သော မှတ်ပုံတင်ကိုရေးသွင်း ထိန်းသိမ်းထားရမည်။ ဤမှတ်ပုံတင်စာအုပ်ကို ဦးစီးဌာန၏ ဝက်ဘ်ဆိုက်တွင် ရနိုင်အောင် လုပ်ထားရမည်ဖြစ်ပြီး အနည်းဆုံးအောက်ပါတို့ပါဝင်ရမည်။

(၁) လိုင်စင်ရရှိသူ၏ အမည်၊နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်နှင့် ဖက်စ်နံပါတ်၊

(၂) ကိုင်ဆောင်ထားသောလိုင်စင်

(၃) လိုင်စင်ရရှိသူက ပေးခွင့်ရှိသည့် ကွန်ရက်နှင့် သို့မဟုတ် ဝန်ဆောင်မှုများ

(၄) လိုင်စင်စတင်အကျိုးသက်ရောက်မှုရှိသည့်နေ့ရက်နှင့် သက်တမ်းကုန်ဆုံးသည့်နေ့ရက်များ

၄၂။ **စုံစမ်းစစ်ဆေးရန်ခွင့်ပြုခြင်း**

ဆက်သွယ်ရေးဥပဒေအခန်း(၁၂) အရ ဦးစီးဌာနသည် စုံစမ်းစစ်ဆေးမှုမတိုင်မီ ထိုက်သင့်သော အကြောင်းကြားသည့်ကာလနှင့်အညီ မည်သည့်လိုင်စင်ရရှိသူ၏ အထောက်အကူပြုပစ္စည်းများ ကိုမဆို စုံစမ်းစစ်ဆေးရန် လုပ်ပိုင်ခွင့်ရှိသည်။

၄၃။ **ဥပဒေအရ အရေးယူဆောင်ရွက်ခြင်း**

ဆက်သွယ်ရေးဥပဒေအခန်း(၁၆)နှင့် အကျုံးဝင်သောစည်းမျဉ်းမူဘောင်အရ လိုင်စင်ရရှိသူ က ဆက်သွယ်ရေးဥပဒေ၊ အသုံးချစည်းမျဉ်းမူဘောင် သို့မဟုတ် လိုင်စင်တွင်ပါရှိသော တာဝန် ဝတ္တရား သို့မဟုတ် စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်သည်ဟု ယုံကြည်ရန်ဖြစ်နိုင်သော အကြောင်းရင်းရှိလျှင် ဦးစီးဌာနသည် ဥပဒေအရ တရားစွဲဆိုခြင်းကို စတင်ပြုလုပ်နိုင်သည်-

(က) ဦးစီးဌာနသည် လိုင်စင်ရရှိသူအား မည်သည့် စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးမယူခင် ကြိုတင်၍-

(၁) ဦးစီးဌာနထံတွင် လိုင်စင်ရရှိသူက ဖောက်ဖျက်မှုတစ်စုံတစ်ခုကို ကျူးလွန်ခဲ့သည် ဟုယုံကြည်ရန်ဖြစ်နိုင်သောအကြောင်းရင်းရှိရသည့် မှန်ကန်ပြီး ဥပဒေနှင့်ညီညွတ်သောအခြေခံအကြောင်းအရာနှင့်ပတ်သက်၍ ထိုက်သင့်သောရှင်းလင်းချက်ပါရှိသည့် အကြောင်းကြားစာနှင့်

(၂) ဦးစီးဌာန၏စွပ်စွဲချက်ကို တုံ့ပြန်ရန်ထိုက်သင့်သောအခွင့်အရေး

(ခ) စီမံခန့်ခွဲရေးမှတ်တမ်းကိုအခြေခံ၍ သက်ဆိုင်ရာနည်းဥပဒေအရ လိုင်စင်ရရှိသူက ဖောက်ဖျက်မှုတစ်စုံတစ်ခုကို ကျူးလွန်ခဲ့သည်ဟု တစ်စိတ်တစ်ပိုင်းအားဖြင့် ဆုံးဖြတ်ခြင်း ခံရသောစွပ်စွဲချက်

## ၄၄။ စည်းကမ်းဖောက်ဖျက်မှုကိုအသိပေးခြင်း

ဥပဒေအရ အရေးယူမှုပြုလုပ်ရမည်ဟု ဦးစီးဌာနကကောက်ချက်ချသော ကိစ္စတစ်ရပ်တွင် ၎င်းကလိုင်စင်ရရှိသူသို့ ကြောင်းကြားစာပို့ရမည်။ အကြောင်းကြားစာသည်-

(က) ဦးစီးဌာန၏မှန်ကန်သောအချက်အလက်များ ပါရှိသည့်ကောက်ချက်များကိုဖော်ပြရမည်။

(ခ) ဦးစီးဌာန၏ဥပဒေနှင့်ညီသော ကောက်ချက်များကိုဖော်ပြရမည်။

(ဂ) ဦးစီးဌာနက ဆောင်ရွက်ရန်ဆုံးဖြတ်သော ဥပဒေအရရေးယူမှုကို အတိအကျဖော်ပြရမည်။

## ၄၅။ ပြစ်မှုနှင့်ပြစ်ဒဏ်များ

ဆက်သွယ်ရေးဥပဒေအခန်း (၁၆)နှင့် အခန်း (၁၈)အရ အကြောင်းကြားစာပေးပို့ခြင်းနှင့် မှတ်ချက်ပြု ဝေဖန်ရန် ထိုက်သင့်သော အခွင့်အရေးကိုပေးပြီးနောက် ဖောက်ဖျက်မှုဖြစ်ပွားခဲ့သည်ဟု ဦးစီးဌာနက ဆုံးဖြတ်ချက်ချလျှင် ဦးစီးဌာနက အောက်ပါအရေးယူမှုတစ်ခု သို့မဟုတ် အများကို ဆောင်ရွက်နိုင်သည်။

(က) လိုင်စင်ရရှိသူကို သတိပေးချက်တစ်ရပ်ထုတ်ပြန်ရန်၊

(ခ) ဖောက်ဖျက်မှုကို ပြန်လည်သက်သာ ကောင်းမွန်စေရန် လိုအပ်သော အရေးယူမှုတစ်ခု ပြုလုပ်ခြင်းကို ဆောင်ရွက်ရန် သို့မဟုတ် ဖောက်ဖျက်မှုဖြစ်ပွားနေခြင်းကို ရှောင်ရန်နှင့် သို့မဟုတ် နောက်ထပ်ဖောက်ဖျက်မှု တစ်ရပ်ရပ်ကို တားမြစ်ရန် လိုင်စင်ရရှိသူသို့ ညွှန်ကြားချက်တစ်ရပ် ထုတ်ပြန်ရန်၊

(ဂ) လိုင်စင်ရရှိသူကို၎င်း၏သက်ဆိုင်ရာဝင်ငွေ၏ (၅)ရာခိုင်နှုန်းအထိဒဏ်ငွေချမှတ်ရန်၊

(ဃ) နည်းဥပဒေအပိုဒ် (၂၅) အရ လိုင်စင်ကိုဆိုင်းငံ့ရန် သို့မဟုတ် ရပ်ဆိုင်းရန်၊

၄၆။ **အယူခံပိုင်ခွင့်**

ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနက နည်းဥပဒေအရ အရေးယူရန် ချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို လိုင်စင်ရရှိသူက ကျေနပ်မှုမရှိလျှင် ထိခိုက်နစ်နာမှုကို ပြန်လည်စဉ်းစားပေးရန် လိုင်စင်ရရှိသူမှတောင်းဆိုနိုင်သည်–

(က) ချမှတ်ထုတ်ပြန်ထားသောဆုံးဖြတ်ချက်အား ရက်ပေါင်း(၃၀)အတွင်း ပြန်လည် စဉ်းစားပေးရန် တောင်းဆိုခြင်း၊

(ခ) ဆုံးဖြတ်ချက်ချမှတ် ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း ဝန်ကြီးဌာန သို့ အောက်ပါများနှင့်ပတ်သက်၍ဆုံးဖြတ်ချက်များ –

(၁) ဥပဒေ၏ပုဒ်မ (၅၇)အရ စီမံခန့်ခွဲမှုနည်းလမ်းဆိုင်ရာ အရေးယူမှုများ

(၂) ဥပဒေ၏ပုဒ်မ(၅၂)အရ ဆက်သွယ်ရေးနည်းပညာဆိုင်ရာအငြင်းပွားမှု တစ်ရပ်ရပ်

(ဂ) ဥပဒေ၏ပုဒ်မ(၅၂) ဆက်သွယ်ရေးနည်းပညာဆိုင်ရာမဟုတ်သော အငြင်းပွားမှု များအတွက် ဆုံးဖြတ်ချက်ချမှတ်ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း တရားရုံးသို့ အယူခံ တင်သွင်းခြင်း၊

(ဃ) ဝန်ကြီးဌာန၏ အငြင်းပွားမှုဖြေရှင်းခြင်းနှင့်ပတ်သက်၍ ချမှတ်သောဆုံးဖြတ်ချက် အားကျေနပ်မှုမရှိပါက ရက်ပေါင်း(၄၅) အတွင်း အယူခံခုံရုံးသို့ အယူခံတင်သွင်း ခြင်း၊

(င) ဥပဒေကခွင့်ပြုထားသော အခြားအရေးယူမှုတစ်ခုခု

## အခန်း(၈)

## အသွင်ကူးပြောင်းရေးဆိုင်ရာပြဋ္ဌာန်းချက်

၄၇။ **တည်ဆဲလိုင်စင်များနှင့်ဆောင်ရွက်မှုများအတွက် အသွင်ကူးပြောင်းရေးဆိုင်ရာမူဘောင်**

(က) ဆက်သွယ်ရေးဥပဒေ ပြဋ္ဌာန်းသည့်အချိန်တွင် တည်ဆဲဥပဒေများအရထုတ် ပေးထားသော မည်သည့်လိုင်စင်ရရှိထားသူမဆို သို့မဟုတ် လိုင်စင်ရရှိရန် စိစစ် ရွေးချယ်ခံထားရသူများ

(ခ) ဦးစီးဌာန၏ရေဒီယိုဌာနမှ လက်ရှိလိုင်စင်များအတွက် လိုင်းနှုန်းစဉ်နည်းဥပဒေ

(ဂ) လက်ရှိလိုင်စင်ရရှိထားသူများသည် ဝန်ကြီးဌာနမှ သတ်မှတ်ထားသည့်အတိုင်း ပေးဆောင်ရန်ရှိသည့် သက်တမ်းတိုးကြေးနှင့် အခြားသောအခကြေးငွေများကို ပေးဆောင်ရမည်။

(ဃ) လက်ရှိလိုင်စင်ရရှိထားသူတစ်ဦးသည် နည်းဥပဒေများအရ ဦးစီးဌာနမှ သက်ဆိုင်ရာလိုင်စင်များကိုထုတ်ပြန်ပြီးသည့် ရက်ပေါင်း(၉၀)ကာလအတွင်း သက်ဆိုင်ရာ လိုင်စင်အတွက် လျှောက်ထားရမည်။

(င) ပုဂ္ဂိုလ်တစ်ဦးမှ ဤလိုင်စင်ဆိုင်ရာနည်းဥပဒေများ စတင် သက်ရောက်သည့် အချိန်မတိုင်ခင်ကပြုလုပ်ထားသော ဆောင်ရွက်မှုတစ်ရပ်တွင် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းတစ်ခုသည် ဆက်သွယ်ရေးဥပဒေနှင့် လိုင်စင် နည်းဥပဒေများ အရ လိုင်စင်ရယူရန်လိုအပ်ခြင်းရှိက လုပ်ငန်းကို တရားဝင်ဆက်လက်လုပ်ကိုင်နိုင်ရန်အတွက် ဦးစီးဌာနက သက်ဆိုင်ရာလိုင်စင်ကိုထုတ် ပြန်ပြီးရက် ပေါင်း (၉၀) အတွင်း သက်ဆိုင်ရာလိုင်စင်ကို လျှောက်ထားရမည်။

(စ) Public Acess Center(PAC)လိုင်စင်သည် အသုံးချဝန်ဆောင်မှုလုပ်ငန်း လိုင်စင်အောက်တွင် အကျုံးဝင်ရယူရမည်ဖြစ်သည်။

(ဆ) WAN လိုင်စင်သည် အောက်ပါအရအကျုံးဝင်လာမည်ဖြစ်သည်-

(၁) WAN လိုင်စင်ကိုင်ဆောင်ထား၍ ဆက်သွယ်ရေးဝန်ဆောင်မှုများ အား ကွန်ရက်အထောက်အကူပြုပစ္စည်း များဖြင့် တည်ထောင်၍ ဝန်ဆောင်မှု အားနောက်ဆုံးသုံးစွဲသူများထံသို့ ဆောင်ရွက်ပေးခြင်း၊ သို့မဟုတ် အခြား လိုင်စင်ရရှိထားသူများနှင့်အခြား ကွန်ရက်များကို ချိတ်ဆက်၍ ဆက်သွယ်ရေးဝန်ဆောင်မှု ကိုပေးနေသူများသည် ကွန်ရက်အထောက်အကူပြုလိုင်စင် (Individual) အဖြစ်သို့လည်းကောင်း၊

(၂) WAN လိုင်စင်ကိုင်ဆောင်ထား၍ ကွန်ရက်အထောက်အကူပြုပစ္စည်း များဖြင့်တည်ထောင်၍လုပ်ငန်းဆောင်ရွက်နေသော်လည်းမိမိ၏ဆက်သွယ်ရေးလုပ်ငန်းများသည် လိုင်စင်ရရှိသူ၏ကိုယ်ပိုင် နယ်နိမိတ် သို့မဟုတ် မိမိ၏အဖွဲ့အစည်းအတွင်းသာဆောင်ရွက်ထားရှိပါက ကွန်ရက်အထောက် အကူပြုလိုင်စင် (Class) အဖြစ်သို့လည်းကောင်း၊

(၃) WAN လိုင်စင်ကိုင်ဆောင်ထား၍ အခြားလုပ်ငန်းလိုင်စင်ရရှိထားသူထံမှ ဆက်သွယ်ရေးဝန်ဆောင်မှုကို ငှားရမ်း၍ နောက်ဆုံးသုံးစွဲသူ သို့မဟုတ် အခြား လုပ်ငန်းလိုင်စင် ရရှိသူများထံသို့ ဝန်ဆောင်မှု ပေးနေသူများသည် အသုံးချ ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် သို့ အစားထိုးရမည်။

(ဇ) ဦးစီးဌာနမှ ကွန်ရက်အထောက်အကူပြု လိုင်စင် (Individual) ခွင့်ပြုသည့် အချိန်တွင်မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(မဆရ)၊ရတနာပုံတယ်လီပို့(ဝိုင်တီပီ) နှင့်

ဝန်ကြီး ဌာနမှ ၂၀၁၃ခုနှစ် ဇွန်လတွင်ပြုလုပ်သော တင်ဒါလုပ်ငန်းစဉ် ဖြင့် မြန်မာနိုင်ငံအတွင်းဆက်သွယ်ရေးဝန်ဆောင်မှုပေးရန်ရွေးချယ်ထားခြင်း ခံထားရသောအခြားဝန်ဆောင်မှုပေးသူများ၊ တစ်ဦးချင်းစီအား ကွန်ရက်အထောက်အကူပြုလိုင်စင် (Individual) ကို ချက်ချင်းထုတ်ပေးရမည် ဖြစ်ပြီး ယင်းတို့အတွက် လိုင်စင်လျှောက်ထားခြင်း မရှိစေရ။

**၄၈။ အသွင်ကူးပြောင်းရေးကာလ သတ်မှတ်ချက်**

ဆက်သွယ်ရေးဥပဒေ ပုဒ်မ (၈၅) နှင့် ဤ လိုင်စင်ထုတ်ပေးရေး နည်းဥပဒေ အပိုဒ်( ၄၇) တို့တွင် ဖေါ်ပြထားသော လိုင်စင်သက်တမ်းမကုန်သေးသော သက်ဆိုင်ရာ လိုင်စင်များသည် ဆက်သွယ်ရေး ဥပဒေနှင့် ဤ လိုင်စင်ထုတ်ပေးရေးနည်းဥပဒေ တို့အရ ထုတ်ပေးထားသော သက်ဆိုင်ရာ လိုင်စင်များအဖြစ် လိုင်စင် မူလလိုင်စင် သက်တမ်း မကုန်ဆုံးသည် အထိ မှတ်ယူရမည်။ ဦးစီးဌာန မှထုတ်ပြန်သော အမိန့်ကြော်ငြာစာ တစ်ရပ်အရ တည်ဆဲ လိုင်စင် ရရှိသူအားလုံးသည် ဤနည်းဥပဒေတွင် ဖော်ပြထားသော အကျုံးဝင်သော လိုင်စင်ဆိုင်ရာ ဥပဒေ မူဘောင်သို့ ဦးစီးဌာနမှ အဆိုပါ အမိန့်ကြော်ငြာစာကို ထုတ်ပြန်ပြီး (၁၂) လ အတွင်း အသွင်ကူးပြောင်းပေးရမည်။

**၄၉။ အမိန့်ကြော်ငြာစာများ**

ဆက်သွယ်ရေးဥပဒေ မဟုတ်သည့် ဥပဒေတစ်ရပ်ရပ် အရ ထုတ်ပေးထားသော လက်ရှိတည်ဆဲ လိုင်စင်တစ်ခုသည် ဤလိုင်စင်ထုတ်ပေးရေး နည်းဥပဒေအရ အသွင်ကူးပြောင်းရေးဆိုင်ရာ ပြဌာန်းချက် စတင် သက်ရောက်သည့်နေ့မှ ရက်ပေါင်း(၉၀) အတွင်း အသွင်ကူးပြောင်းရန် အမိန့်ကြော်ငြာစာ နှင့် ညွှန်ကြားချက် ထုတ်ပြန်ရမည် ဖြစ်ပြီး လက်ရှိလိုင်စင် များကို ဤ လိုင်စင်ထုတ်ပေးရေးနည်းဥပဒေ နှင့် တစ်ပြေးညီ ဖြစ်စေရန် လိုအပ်သည့် အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်၍ ယခင် အမိန်ကြော်ငြာစာကို ရုတ်သိမ်းရမည်။

## ဇယား (၁) လိုင်စင် အခကြေးငွေများ

ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ဆိုင်ရာ အခကြေးငွေများ

| | ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလိုင်စင် (Individual) | ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလိုင်စင် (Class) | ကွန်ရက်ဝန်ဆောင်မှု လိုင်စင် | အသုံးချဝန်ဆောင်မှု လိုင်စင် |
|---|---|---|---|---|
| လျှောက်လွှာ/ မှတ်ပုံတင် ကြေး | ၁၀,၀၀၀,၀၀၀ ကျပ် | ၂,၅၀၀,၀၀၀ ကျပ် | ၅,၀၀၀,၀၀၀ ကျပ် | ၂,၅၀၀,၀၀၀ ကျပ် |
| ကနဦးလိုင်စင်ကြေး | ၅၀,၀၀၀,၀၀၀ ကျပ် | ၁၂,၅၀၀,၀၀၀ ကျပ် | ၂၅,၀၀၀,၀၀၀ ကျပ် | ၁၀,၀၀၀,၀၀၀ ကျပ် |
| နှစ်စဉ်ကြေး | အသားတင်ဝင်ငွေ၏ ၂% | အသားတင်ဝင်ငွေ၏ ၀.၅% | အသားတင်ဝင်ငွေ၏ ၁% | အသားတင်ဝင်ငွေ၏ ၀.၅% |
| ထပ်တိုးဝန်ဆောင်မှု အတွက် အခကြေးငွေ | ၅,၀၀၀,၀၀၀ ကျပ် | ၁,၂၅၀,၀၀၀ ကျပ် | ၂,၅၀၀,၀၀၀ ကျပ် | ၁,၂၅၀,၀၀၀ ကျပ် |
| သက်တမ်းတိုးကြေး | ၅၀,၀၀၀,၀၀၀ ကျပ် | ၁၂,၅၀၀,၀၀၀ ကျပ် | ၂၅,၀၀၀,၀၀၀ ကျပ် | ၁၀,၀၀၀,၀၀၀ ကျပ် |

- လိုင်စင်ထုတ်ပေးရေး နည်းဥပဒေ ၄၇ အရ ဦးစီးဌာနမှ ထုတ်ပေးထားပြီးသော လိုင်စင်များ အတွက် လျှောက်လွှာကြေး/ မှတ်ပုံတင်ကြေး နှင့် ကနဦးလိုင်စင်ကြေးများ ကင်းလွတ်မည်ဖြစ်ပြီး အသစ် လိုင်စင်မူဘောင်သို့ ကူးပြောင်းမည် ဖြစ်သည်။

## ဆက်သွယ်ရေးပစ္စည်း လိုင်စင် အတွက် အခကြေးငွေ

| | ဆက်သွယ်ရေးပစ္စည်း |
|---|---|
| လျှောက်လွှာကြေး | ၅၀၀၀ ကျပ် |
| ကနဦးလိုင်စင်ကြေး | မရှိပါ |
| နှစ်စဉ်ကြေး | မရှိပါ |
| သက်တမ်းတိုးကြေး | မရှိပါ |

**ဇယား(၂) ဆက်သွယ်ရေးပစ္စည်း လိုင်စင် ရယူရန် လိုအပ်သော ဆက်သွယ်ရေးပစ္စည်းစာရင်း**

ဆက်သွယ်ရေးဥပဒေ အခန်း(၄) နှင့် ဤ လိုင်စင်ထုတ်ပေးရေးဆိုင်ရာ နည်းဥပဒေ အပိုဒ် ၃၇ တို့အရ အောက်ဖော်ပြပါ ဆက်သွယ်ရေးပစ္စည်းများသည် ပိုင်ဆိုင်ထားရှိရန် နှင့် အသုံးပြုရန် ဆက်သွယ်ရေးပစ္စည်းလိုင်စင် ရယူရန် လိုအပ်သည်-

- ဂြိုဟ်တု ဆက်သွယ်ရေးပစ္စည်းများ (ဥပမာ - ဂြိုဟ်တုဖုန်းများ)
- ရေဒါ ဆက်သွယ်ရေးပစ္စည်း နှင့် ဆက်စပ်ကိရိယာများ နှင့်
- လှိုင်းနှုန်း မြင့် အသုံးပြု ရေဒီယို ဆက်သွယ်ရေးပစ္စည်းများ